အလ္လာဟ်ထံတော်ပါး၌လက်ခံရပြီးဖြစ်သော

# ကုရ်အာန်ကျမ်းတော်မြတ်၏



# တောင်းဆုတော်အပုဒ်(၅၀)


ပြန်ဆိုသူ

မော်လဝီ, ဟာဖီဇုလ္လာဟ် (မဟ်မူဒီ)

# ကုရ်အာန်ကျမ်းတော်မြတ်

မှ

# တောင်းဆုတော်အပုဒ် (၅၀)

၏

အရဗီ မူရင်း

မြန်မာအသံထွက်_မြန်မာအဓိပ္ပာယ်

နှင့်

အကျိုးအာနိသင်

ပြန်ဆိုသူ - မော်လဝီ, ဟာဖီဇုလ်လာဟ် (မဟ်မူဒီ)

စာမူခွင့်ပြုချက်အမှတ်   ၂၀၇ / ၉၉ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၁၃၁ / ၉၉ (၈)

**ပုံနှိပ်သူ**
ဦးအောင်မြတ် (မြ–၀၅၈၂၄)၊
အမှတ် ၁၂၄၊ ၃၃လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးမြသန်း (မြ–၀၅၁၀၄) အသိုင်းအဝိုင်းစာပေ။
အမှတ် ၃၁၊ ဖွဲ့စုံရပ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)၊ ၁၉၉၉ ခုနှစ်
စက်တင်ဘာလ

# ဖြန့်ချိရေး

(၁)

**''အစွလာမ့်စာပေဖြန့်ချိရေး''**

အမှတ်–၆၄၊ လမ်း(၃၀)အောက်

ပထမထပ်(ဝဲ)၊ ပန်းဘဲတန်း၊ ရန်ကုန်။

(၂)

''**ကောင်စရဲ**''စာပေ

မော်လဝီ ဟာဇီဗုလ်လာဟ် (ခေတ္တရန်ကုန်)

# ကုရ်အာန်ကျမ်းတော်မြတ်မှ တောင်းဆုတော်များ

## တောင်းဆုတော် ( ၁ )

أَعُوذُ بِاللّٰهِ مِنَ الشَّيْطٰنِ الرَّجِيْمِ ط

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ط

اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ۝ الرَّحْمٰنِ الرَّحِيْمِ ۝

مٰلِكِ يَوْمِ الدِّيْنِ ۝ اِيَّاكَ نَعْبُدُ وَ اِيَّاكَ نَسْتَعِيْنُ ۝

اِهْدِنَا الصِّرَاطَ الْمُسْتَقِيْمَ ۝ صِرَاطَ الَّذِيْنَ

اَنْعَمْتَ عَلَيْهِمْ ۝ غَيْرِ الْمَغْضُوْبِ عَلَيْهِمْ

وَلَا الضَّآلِّيْنَ ۝

အသံထွက်

အလ်ဟာမ်(မ)ဒု လိလ်လာဟိ ရဗ်ဗိလ်အာလမီးန်။

အရ်ရဟ်မာ နိရ်ရဟီးမ်။ မာလိကိ ယောင်မိဒ်ဒီးန်။ အီးယာ

က နအ်ဗုဒ ဝအီးယာက နတ်(စ)သအီးန်။ အိ(ဟ)ဒိ နတ်(ဆွ)ဆွိရာသွာလ် မုစ်သကီမ ဆွိရာသွာလ် လဇီန အန်(န)အမ်(မ)သ အလိုင်ဟင်မ် ဂိုင်ရိလ် မဂ်ဒူဗိ အလိုင် ဟင်မ် ဝလာဒ် ဒွားလ်လီးန်။ *(အားမီးန်)*

## အခ်ိဗ္ပာယ်

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အတိုင်းတာမဲ့ ကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

ချီးမွမ်းခြင်းအပေါင်း ဟူဟူသမျှသည် စကြဝဠာအပေါင်းတို့ကို (မဖြစ်ပေါ်မီကစ၍ ပြည့်စုံပြီးစီးသည့်တိုင်အောင် အဆင့်ဆင့်)ပြုစုပျိုးထောင်တော်မူသော အလ္လာဟ်အရှင်မြတ်အဖို့သာတည်း။

(အလ္လာဟ်အရှင်မြတ်သည်)မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အတိုင်းတာမဲ့ ကရုဏာတော်ရှင်ဖြစ်တော်မူ၏။

(အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်းကုန်သောသတ္တဝါတို့ကို ရှင်ပြန်ထစေတော်မူ၍ သူတော်စင်တို့အား ကောင်းကျိုး၊ မသူတော်တို့အား မကောင်းကျိုး)ပေးတော်မူမည်ဖြစ်သောနေ့ကို စိုးပိုင်တော်မူသောအရှင်ဖြစ်သည်။

ကျွန်တော်မျိုးတို့သည် အရှင်မြတ်ကိုသာလျှင် ခယရိုကျိုးဆည်းကပ်ကြပါ၏။ ထို့ပြင်တဝ ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူပါရန် အရှင်မြတ်အထံတော်၌သာလျှင် ဆုတောင်းပါ၏။

(အို ... အလ္လာဟ်အရှင်မြတ်) ကျွန်တော်မျိုးတို့အား အစစ

အရာရာတွင် ဖြောင့်မတ်မှန်ကန်သော လမ်းစဥ်များကို ညွှန်ကြားပြသတော်မူပါ။

အကြင်သူတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်သည် (မေတ္တာ ကရုဏာ သက်ဝင်တော်မူ၍)သုခချမ်းသာဂုဏ်ကျေးဇူးကို ပြုတော်မူခဲ့ပြီးဖြစ်၏။ ထိုသူမွန်သူမြတ်တို့၏ တရားလမ်းမှန်ကို (ကျွန်တော်မျိုးတို့အားလည်း ညွှန်ကြားပြသတော်မူပါ)။ (ထိုသူမွန်သူမြတ်တို့သည်)အမြတ်တော်စူးရှခြင်းလည်းမဟုတ်၊ လမ်းမှားသူများလည်းမဟုတ်)

*(ကုရ်အာန်၊ စူရဟ်ဖာသိဟဟ်)*

## အကျိုးအာနိသင်

အထက်ပါ **စူရဟ်ဖာသိဟဟ်**တစ်ပုဒ်လုံးသည် တောင်းဆုတော်ပင်ဖြစ်၏။ ယင်းနှင့်ပတ်သက်၍ မရေတွက်နိုင်သောထူးမြတ်မှုများရှိကြောင်း လာရှိပေ၏။ ယင်းတောင်းဆုတော်သည် ကိစ္စရပ်တိုင်းအတွက် အကျိုးဖြစ်ထွန်းစေသည့်တောင်းဆုတော်ပင်ဖြစ်၏။ ယင်း **စူရဟ်တော်**အား ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ပင် အာယသ်တော် (၇)အာယသ်ဟု မိန့်ဆိုထားလေ၏။ ထို့နောက် တမန်တော်မြတ် ﷺ အား ယင်း**စူရဟ်တော်**ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ အလွန်ကြီးမားသော ကျေးဇူးပြုလိုက်ခြင်းဖြစ်သည် ... ဟု ဖော်ပြခဲ့လေ၏။

### တောင်းဆုတော် ( ၂ )

رَبَّنَا تَقَبَّلْ مِنَّا ؕ اِنَّكَ اَنْتَ السَّمِيْعُ الْعَلِيْمُ ۝

وَتُبْ عَلَيْنَا اِنَّكَ اَنْتَ التَّوَّابُ الرَّحِيْمُ ۝

အသံထွက်

ရဗ်ဗနာ သကဗ်ဗလ် မင်န်နာ အင်န်နက အန်(န) သတ်(စ)စမီးအုလ် အလီးမ်၊ ဝသုဗ်အလိုင်နာ အင်န်နက အန်(န)သသ် သောင်ဝါဗုရ် ရဟီးမ်။

**အဓိပ္ပာယ်**

အို … ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ထံမှ (ဤကောင်းမှုကို မိမိ၏ထာဝရကျေးဇူးတော်ဂုဏ်ဖြင့်) သဘောတူလက်ခံတော်မူပါ။ ဧကန်မုချ အရှင်သည်သာလျှင် (ကျွန်တော်မျိုးတို့တောင်းဆိုသောဆုများကို)ကြားတော်မူသောအရှင် (ကျွန်တော်မျိုးတို့၏ အာသာဆန္ဒများကိုလည်း)သိတော်မူသောအရှင် ဖြစ်တော်မူပါ၏။ ထို့ပြင်လည်း အရှင်မြတ်သည် ကျွန်တော်မျိုးတို့ ဘက်သို့ ကရုဏာတော်ဖြင့် လှည့်တော်မူပါ။ ဧကန်အမှန် အရှင်မြတ်သည်သာလျှင် ကရုဏာတော်ဖြင့် အကြိမ်ကြိမ်အဖန်ဖန် လှည့်တော်မူသောအရှင်၊ အစဉ်အမြဲ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူပါ၏။ *(ကုရ်အာန်၊ ၂ း ၁၂၇/၁၂၈)*

## အကျိုးအာနိသင်

အထက်ပါတောင်းဆုတော်သည် ကြီးကျယ်မြင့်မြတ်တော်မူသော တမန်တော်မြတ်ကြီး (၂)ပါး၏ တောင်းဆုတော်ပင်ဖြစ်၏။

ယင်းမှာ တမန်တော် **အိဗ်ရာဟီမ်း** ﷺ နှင့် တမန်တော် **အိစ်မာအီးလ်** ﷺ သခင်တို့ပင်ဖြစ်၏။ တမန်တော်မြတ် ﷺ ၏အဆင့်ပြီးလျှင် တမန်တော် **အိဗ်ရာဟီးမ်** ﷺ ၏ အဆင့်အတန်းပင်ဖြစ်လေ၏။ သခင်သည် **ကအ်ဗဟ်**ဝတ်ကျောင်းတော်အား ပြန်လည်မွမ်းမံချိန်တွင် အထက်ပါတောင်းဆုတော်အားရွတ်ဖတ်လျက်ရှိခဲ့၏။ ထို့ကြောင့် ယင်းတောင်းဆုတော်သည် ကိစ္စရပ်တိုင်း၏ အောင်မြင်မှုအတွက် အထူးအကျိုးဖြစ်ထွန်းစေ၏။

အမှန်စင်စစ် وَتُبْ عَلَيْنَا **ဝသုဗ်အလိုင်နာ** ... ဟူသောအာယသ်သည် အခြားအာယသ်တော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်၏။ ဤနေရာတွင် လိုအပ်သည့်အတွက်ကြောင့် တွဲ၍ရေးသားရခြင်းဖြစ်၏။

## တောင်းဆုတော် ( ၃ )

رَبَّنَآ اٰتِنَا فِى الدُّنْيَا حَسَنَةً وَّفِى الْاٰخِرَةِ حَسَنَةً وَّقِنَا عَذَابَ النَّارِ ○

*အသံထွက်*

ရဗ်ဗနား အာသိနာ ဖွိဒ်ဒွန်(န)ယာ ဟစနသောင် ဝဖွိလ် အားခိရသိ ဟစနသောင် ဝကိနာ အဇာဗန်(န) နား ရ်။

## အခ်ိဳပွာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူပြန်ဆင်းတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဤပစ္စုပ္ပန်ဘဝ၌လည်း ကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း (နှစ်ဘဝလုံး၌ပင်)ကောင်း ကျိုးချမ်းသာ မင်္ဂလာများကို ပေးသနားတော်မူပါ။ ငရဲမီး၏ဘေးအဏ် မှလည်း ကယ်ဆယ်တော်မူပါ။ *(ကုရ်အာန်၊ ၂ း ၂၀၁)*

## အာကျွီးအာနီသင်

အစ္စလာမ်သာသနာတော်၏ မဏ္ဍိုင်ကြီး (၅)ရပ်အနက် နောက်ဆုံးမဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်သည့် **ဟဂျ်**ပြုခြင်းကိစ္စရပ်အား ဆောင်ရွက်ပြီးသော မွတ်စလင်မ်တို့သည် ယင်းကဲ့သို့တောင်းဆုတော် အား တောင်းခံကြလေ၏။

ဆိုလိုသည်မှာ – ထိုသူတို့သည် လောကီနှင့် တမလွန်နှစ် ဌာနပေါ်ပုံး၏ အောင်မြင်မှုအား တောင်းခံကြလေ၏။ ယင်းအာယသ် တော်၏ အလျင်အာယသ်တော်တွင် "**ကာဖိရ်**များသည် လောကီရေး ကိုသာ တောင်းခံကြ၏" ... ဟုပါရှိလေ၏။ ထိုကဲ့သို့သူများအတွက် **အာခိရသ်**တမလွန်ဘဝတွင် မည်သည့်ဝေစုမျှမရှိပေ။

ယင်းပြည့်စုံလှသည့် တောင်းဆုတော်အား တမန်တော်မြတ် ﷺ သည် အမြဲအစဉ်တောင်းခံတော်မူခဲ့၏။ ဤသည်နှင့်ပတ်သက်၍ **ဟဒီစ်တော်**၏တောင်းဆုတော်များအခန်းတွင် ဆက်လက်ဖော်ပြ ပေမည်။

၇

## တောင်းဆုတော် ( ၄ )

رَبَّنَآ اَفْرِغْ عَلَيْنَا صَبْرًا وَّثَبِّتْ اَقْدَامَنَا

وَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ۝

### အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်ဝယ် ဖွဲ့သတ္တိကို သွန်းလောင်း၍ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ခြေများကို ခိုင်မြဲစွာ ရပ်တည်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကာဖိရ်မယုံကြည်သူ၊ သွေဖည်ငြင်းပယ်ကြကုန်သောသူတို့အပေါ်၌ အောင်နိုင်မှုရရန် ကူညီစောင်မတော်မူပါ။

*(ကုရ်အာန်၊ ၂ း ၂၅၀)*

*အသံထွက်*

ရဗ်ဗနား အဖ္ဖ်ရိဂ် အလိုင်နာ ဆွာဗ်ရောင် ဝစဗ်ဗိသ် အတ်(က)ဒါမနာ ဝါန်ဆွုရ်နာ အလလ်ကောင်မိလ်ကာဖွိရီးန်။

# အကျိုးအာနိသင်

အလ္လာဟ်အရှင်မြတ် မိန့်တော်မူထားသည်မှာ . . .

**သွာလုသ်** ﴿رحمة الله عليه﴾ သခင်၏ တပ်စုတွင်ရှိကြကုန်သော မွတ်စလင်မ်များသည် **ဂျာလုသ်ကာဖိရ်**၏တပ်စုအား **ဂျိဟာဒ်** ပြုတိုက်ခိုက်စဉ် ယင်းတောင်းဆုတော်အား ရွတ်ဖတ်တောင်းခံခဲ့ကြ၏။

ထို**သွာလုသ်** ﴿رحمة الله عليه﴾ သခင်နှင့် ယင်း၏တပ်စုဝင်တို့၏တောင်းခံမှုကြောင့် မွတ်စလင်မ်များသည် ထို**ကာဖိရ်**များအား အနိုင်ရခဲ့၏။ ထို့နောက် တမန်တော် **ဒါဝူဒ်** ﷺ သည် ထို**ဂျာလုသ် ကာဖိရ်**အား သတ်ဖြတ်နိုင်ခဲ့၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ယင်းတမန်တော်အား အုပ်ချုပ်မှုအာဏာနှင့် ပညာဟူသည့်စည်းစိမ်တော်အားလည်း ချီးမြှင့်တော်မူခဲ့၏။

## တောင်းဆုတော် ( ၅ )

سَمِعْنَا وَ اَطَعْنَا غُفْرَ انَكَ رَبَّنَا وَ اِلَيْكَ الْمَصِيْرُ ○

*အသံထွက်*

စမိအ်နာ ဝအသွာအ်နာ ဂွပ်ရာနက ရပ်ဗနာ ဝအိလိုင် ကလ် မဆွီးရ်။

**အဓိပ္ပာယ်**

ကျွန်တော်မျိုးတို့သည် (အရှင်မြတ်၏)အမိန့်တော်များကို ကြား

နာကြပါပြီ၊ ထို့ပြင်တဝ (ကြားနာသည့်အတိုင်း)လိုက်နာကြပါပြီ။

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် အပြစ်များမှ)အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကိုသာ (ထာဝစဉ်လိုလား)တောင့်တကြပါသည်။ တစ်ဖန် (ကျွန်တော်မျိုးတို့၏ ပြန်လည်ရောက်ရှိရာ)နောက်ဆုံးစခန်းသည်လည်း အရှင်မြတ်၏ အထံတော်၌ပင် ဖြစ်ပါသည်)

*(ကုရ်အာန်၊ ၂ း ၂၈၅)*

## အကျိုးအာနိသင်

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်နှင့် တမန်တော်မြတ် ﷺ အပေါ် သက်ဝင်ယုံကြည်ကြကုန်သော မွတ်စလင်မ်များနှင့်ပတ်သက်၍ မိန့်တော်မူခဲ့သည်မှာ ...

ထိုသူတို့သည် စစ်မှန်သော**အီမာန်**နှင့်အတူ ဤကဲ့သို့တောင်းဆုတော်ကိုလည်း တောင်းခံကြလေ၏။

ထို့နောက် အခြားဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ...

တစ်ရံရောအခါက **အဆ္ဟာဗ်တော်**များသည် တစ်စုံတစ်ရာ စိတ်အနှောင့်အယှက်ဖြစ်ခြင်းကို ခံစားနေရချိန်တွင် ကိုယ်တော်သည် ယင်းတောင်းဆုတော်အား ရွတ်ဖတ်ရန်သင်ကြားတော်မူခဲ့၏။

*(မုစ်နဒေအဟ်မဒ်ကျမ်း၊ မွတ်စလင်မ်ကျမ်း)*

## တောင်းဆုတော် ( ၆ )

رَبَّنَا لَا تُؤَاخِذْنَا إِنْ نَّسِينَا أَوْ أَخْطَأْنَا رَبَّنَا

وَلَا تَحْمِلْ عَلَيْنَآ إِصْرًا كَمَا حَمَلْتَهٗ عَلَى
الَّذِيْنَ مِنْ قَبْلِنَا رَبَّنَا وَلَا تُحَمِّلْنَا مَا لَا طَاقَةَ
لَنَا بِهٖ وَاعْفُ عَنَّا وَاغْفِرْ لَنَا وَارْحَمْنَا
اَنْتَ مَوْلٰنَا فَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ۝

အသံထွက်

ရဗ်ဗနား လာ သုအာခိဇ်နား အင်န်နစီးနား အောင်အခ် သွာ့နာ ရဗ်ဗနာ ဝလာသဟ်မိလ်အလိုင်နာ အိဆ္ဂ်ရန်(န) ကမာ ဟမလ်သဟူး အလလ်လဇီန မင်န် ကဗ်လိနာ ရဗ်ဗနာ ဝလာသုဟမ်(မ)မိလ်နာ မာလာ သွာကသ လနာ ဗိဟိ ဝါအ်ဖု အန်(န)နာ ဝါဂ်ဖိရ်လနာ ဝါရ်ဟမ်နာ အန်(န)သ မောင်လာနာ ဖွာန်(န)ဆွုရ်နာ အလလ် ကောင်မိလ် ကာဖိရီးန်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ မေ့လျော့၍ဖြစ်စေ၊ မှားယွင်းချွတ်ချော်၍ဖြစ်စေ (ပြုမိသော

မကောင်းမှုနှင့်စပ်လျဉ်း၍) အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အပြစ်ဒဏ်ပေးတော်မမူပါနှင့်။ ထို့ပြင်တ၀ အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အလျင် ရှေးအထက် အဆက်ဆက်ကလူမျိုးတို့အပေါ်၌ တင်ထားတော်မူသကဲ့သို့ ကျွန်တော်မျိုးတို့အပေါ်၌ လေးလံသော၀န်ထုပ်ကို တင်တော်မမူပါနှင့်။

ထို့ပြင် အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့မတတ်စွမ်းနိုင်သောတာ၀န်ကိုလည်း အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ထမ်းရွက်စေတော်မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (အပြစ်များမှ)လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၀ယ် သနားညှာတာတော်မူပါ။ အရှင်မြတ်သည်သာလျှင် ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူသော အရှင်ဖြစ်တော်မူပါ၏။

အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကာဖိရ်မယုံမကြည် သွေဖည်ငြင်းဆန်သောသူများအပေါ်၀ယ် (အောင်နိုင်စေခြင်းငှာ)ကူညီစောင်မတော်မူပါ။ *(ကုရ်အာန်၊ ၂ း ၂၈၆)*

## အကျိုးအာနိသင်

ယင်းတောင်းဆုတော်သည်လည်း အထက်ဖော်ပြပါသူမွန်သူမြတ်တို့တောင်းခံခဲ့ကြသော တောင်းဆုတော်ပင်ဖြစ်၏။

**ဟဒီစ်တော်**များတွင်လာရှိသည်မှာ . . .

အထက်ပါတောင်းဆုတော်ကျရောက်လာသည့်အခါ တမန်တော်မြတ် ﷺ က . . . အလ္လာဟ်အရှင်မြတ်သည် ယင်းအားလက်ခံ

တော်မူလိုက်ချေပြီ . . . ဟု မိန့်ကြားတော်မူခဲ့၏။

(*မွှစ်လင်မ်ကျမ်း*)

အထက်ပါအာယသ်တော် (၂)ပုဒ် ( اٰمَنَ الرَّسُوْلُ ) အာမနရ်ရစူလု - မှ - အဆုံးထိ)အား ရွတ်ဖတ်ခြင်းဖြင့် မြောက်မြားစွာသော အကျိုးထူးမြတ်မှုများ ရရှိလေ၏။ အထူးသဖြင့် ယင်းအာယသ်တော်အား ညအချိန်အခါတွင် ရွတ်ဖတ်ရန်နှင့်ပတ်သက်၍ တိုက်တွန်းမှုများစွာလာရှိပေ၏။ ယင်းအာယသ်တော် (၂)ပုဒ်သည် ဒုက္ခအလုံးစုံနှင့် ပတ်သက်၍ လုံလောက်၏။

(*ဗုခါရီကျမ်း*)

ဤသည်သာမက အထက်ပါတောင်းဆုတော်သည် **အရ်ရှ်ပလ္လင်တော်**၏ အောက်ရှိ ဘဏ္ဍာသိုက်မှ ပို့ချပေးတော် အာယသ်တော်ပင်ဖြစ်၏။

(*မုစ်နဒေအဟ်မဒ်ကျမ်း*)

ထို့နောက် အထက်ပါအာယသ်တော်အား ရွတ်ဖတ်ခြင်းဖြင့် နေအိမ်တွင် **ရှိုင်သွာန်မိစ္ဆာကောင်** မဝင်ရောက်နိုင်ချေ။

(*သိရ်မိဇီကျမ်း*)

## တောင်းဆုတော် ( ၇ )

رَبَّنَا لَا تُزِغْ قُلُوْبَنَا بَعْدَ اِذْ هَدَيْتَنَا وَهَبْ لَنَا مِنْ لَّدُنْكَ رَحْمَةً ۚ اِنَّكَ اَنْتَ الْوَهَّابُ ○

အသံထွက်

ရဗ်ဗနား လာသုဇိဂ် ကုလူဗနာ ဗအ်ဒ အိဇ်ဟဒိုင် သနာ ဝဟဗ်လနာ မိလ်လဒွန်(န)က ရဟ်မဟ်၊အင်န်နက အန်(န)သလ် ဝါဟ်ဟားဗ်။

## အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူပြီးနောက် ကျွန်တော်မျိုးတို့၏ စိတ်နှလုံးများကို တိမ်းစောင်းလွဲချော်အောင် ပြုတော်မမူပါနှင့်။ ကျွန်တော်မျိုးတို့အား (တရားလမ်းပေါ်၌ မြဲမြံစွာ ရပ်တည်နိုင်ခြင်းငှာ)မိမိအထံတော်မှ ကရုဏာတော်ကို ပေးသနားတော်မူပါ။ ဧကန်အမှန် အရှင်မြတ်သည်သာလျှင် ရက်ရောစွာပေးသနားတော်မူသော အရှင်မြတ်ဖြစ်တော်မူပါသည်။ *(ကုရ်အာန်၊ ၃ း ၈)*

## အကျိုးအာနိသင်

သာသနာ့ပညာရပ်များအား တိကျမှန်ကန်စွာ တတ်ကျွမ်းနားလည်သူတို့သည် ယင်းကဲ့သို့ နှောင်းဆုပြုကြလေ၏ ... ဟု အလ္လာဟ်အရှင်မြတ် မိန့်တော်မူထား၏။

ထိုသူတို့သည် မိမိတို့၏ရှေ့ရေးတွင်လည်း **အီမာန်ပေါ်၌** တည်တံ့ခိုင်မြဲမှုရှိစေရန်အတွက် ထိုကဲ့သို့တောင်းဆုပြုကြခြင်းဖြစ်၏။

## တောင်းဆုတော် ( ၈ )

رَبَّنَآ اِنَّكَ جَامِعُ النَّاسِ لِيَوْمٍ لَّا رَيْبَ فِيْهِ ط
اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ ۝

### အသံထွက်

ရဗ်ဗနာ အင်န်နက ဂျာမိအွန်(န)နားစိ လိယောင်မိလ် လာရိုင်ဗ ဖွီးဟိ၊ အင်န်နလ်လားဟ လာယုခ်လိဖုလ် မီအာဒ်။

### အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ မုချဧကန် အရှင်မြတ်သည် အကြင် (ရှင်ပြန်ထမည့်)နေ့တွင် လူခပ်သိမ်းတို့အား စုရုံးစေတော်မူမည့် အရှင်မြတ်ပင်တည်း။ ထိုနေ့နှင့် စပ်လျဉ်း၍ လုံးဝယုံမှားသံသယမရှိပါ။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် ထားရှိတော်မူသော ကတိသစ္စာတော်ကို အလျှင်းဖောက်ဖျက်တော်မူမည် မဟုတ်ပါ။ *(ကုရ်အာန်၊ ၃ း ၉)*

### အကျိုးအာနိသင်

ယင်းတောင်းဆုတော်သည်လည်း အထက်ပါသူမွန်သူမြတ်

တို့တောင်းခံသော တောင်းဆုတော်ပင်ဖြစ်၏။ ထိုသူမွန်သူမြတ်တို့သည် တောင်းဆုပြုရာတွင် လောကီရေးသက်သက်အတွက်သာ တောင်းခံခြင်းမပြုဘဲ တမလွန်၏စိုးရိမ်ကြောက်ရွံ့မှုဖြင့် စစ်မှန်သော **အကီဒဟ်**ယုံကြည်ချက်ပေါ်၌ တည်မြဲစွာရပ်တည်နိုင်ရန်အတွက်လည်း တောင်းခံခြင်းပင်ဖြစ်၏။

## တောင်းဆုတော် ( ၉ )

رَبَّنَآ اِنَّنَآ اٰمَنَّا فَاغۡفِرۡ لَنَا ذُنُوۡبَنَا وَقِنَا عَذَابَ النَّارِ ۝

*အသံထွက်*

**ရဗ်ဗနာ အင်နန်နား အာမန်(န)နား ဖွာဂ်ဖိူရ်လနာ ဇုနူဗနာ ဝကိနာ အဇာဗန်(န)နားရ်။**

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် မလွဲကေန် (အရှင်မြတ်ကို) သက်ဝင်ယုံကြည်ကြပါပြီ၊ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ်တော်မူပါ။ ထို့ပြင် (နောင်တမလွန်ဘဝတွင်) ကျွန်တော်မျိုးတို့အား ငရဲမီးဘေးမှလည်း ကာကွယ်စောင့်ရှောက်တော်မူပါ။

*(ဘုရ်အာန်၊ ၃ း ၁၆)*

## အကျိုးအာနိသင်

လောကီရေး၌သာနစ်မြှုပ်နေပြီး လောကီရေးရာများကိုသာ ခံစားကြကုန်သောသူများ၏ ဆန့်ကျင်ဘက် **မုသ်သကီ** (အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကြကုန်သောသူ)များက ထို ကဲ့သို့ တောင်းဆုတော်အား တောင်းခံကြလေ၏။ ထိုကဲ့သို့ သူမှန် သူမြတ်တို့သည် မိမိ၌ **ဆွဗ်ရ်** (သည်းခံခြင်းတရား)၊ မှန်ကန်မှု၊ ရက်ရောမှု စသည်များအပြင် မိမိ၏အပြစ်ငရဲများ လွတ်ငြိမ်းချမ်းသာ ခွင့်ရရှိရန်အလို့ငှာ ည၏နောက်ဆုံးယံတွင် ယင်းတောင်းဆုတော်အား တောင်းခံကြလေ၏။

### တောင်းဆုတော် ( ၁၀ )

اَللّٰهُمَّ مٰلِكَ الْمُلْكِ تُؤْتِى الْمُلْكَ مَنْ تَشَآءُ
وَتَنْزِعُ الْمُلْكَ مِمَّنْ تَشَآءُ وَتُعِزُّ مَنْ تَشَآءُ
وَتُذِلُّ مَنْ تَشَآءُ بِيَدِكَ الْخَيْرُ اِنَّكَ عَلٰى
كُلِّ شَىْءٍ قَدِيْرٌ ○ تُوْلِجُ الَّيْلَ فِى النَّهَارِ
وَتُوْلِجُ النَّهَارَ فِى الَّيْلِ وَتُخْرِجُ الْحَىَّ
مِنَ الْمَيِّتِ وَتُخْرِجُ الْمَيِّتَ مِنَ الْحَىِّ

وَتَرْزُقُ مَنْ تَشَآءُ بِغَيْرِ حِسَابٍ۝

*အသံထွက်*

အလ္လာဟွမ်(မ)မ မာလိကလ်မုလ်ကိ သုအ်သိလ် မုလ်က မန်(န)သရှာအု ဝသန်(န)ဇိအုလ် မုလ်က မင်မ် မန်(န)သရှာအု ဝသုအိဇ်ဇုမန်(န)သရှာအု ဝသုဇိလ် လုမန်(န)သရှာအု ဗယဒိကလ်ခိုင်ရု အင်န်နက အလာ ကုလ်လိ ရှိုင်အင်န် ကဒီရ်၊ သူလိဂျုလ်လိုင်လ ဖွင်န်နဟာ ရိ ဝသူလိဂျ်န်(န)နဟာရ ဖွိလ်လိုင်လိ ဝသုခ်ရိဂျုလ်ဟိုင်ယ မိနလ်မိုင်ယိသိ ဝသုခ်ရိဂျုလ် မိုင်ယိသ မိနလ် ဟိုင်ယိ ဝသရ်ဇုကု မန်(န)သရှာအု ဗိဂိုင်ရိ ဟိစာဗ်။

**အဓိပ္ပာယ်**

(အို ... အာဏာတန်ခိုးအမျိုးမျိုးကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူအား တန်ခိုးအာဏာကို ပေးသနားတော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူ၏ထံမှ ဩဇာအာဏာကို ပြန်လည်ရုပ်သိမ်း တော်မူ၏။ ထိုနည်းပမာ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူကို ဂုဏ်အင်ခြင် ချီးမြှင့်တော်မူ၏။ ထိုနည်းအတိုင်းပင် အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို ဂုဏ်အင်ခြင် နှိမ့်ချ ယုတ်လျော့စေတော် မူ၏။ ကောင်းမြတ်ခြင်းအဖြာဖြာတို့သည် အရှင်မြတ်၏ လက်တော် ဩသာလျှင် ရှိ၏။ မုချကေန် ကိုယ်တော်အရှင်မြတ်သည် အရာခပ်

သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင်တည်း။

(ကုရ်အာန်၊ ၃ း ၂၆)

## အကျိုးအာနိသင်

တမန်တော်မြတ် ﷺ သည် အထက်ပါ ပြည့်စုံလှသော တောင်းဆုတော်ကိုတောင်းခံရန် အမိန့်ပေးခြင်းခံခဲ့ရ၏။

## တောင်းဆုတော် ( ၁၁ )

رَبِّ هَبْ لِى مِنْ لَّدُنْكَ ذُرِّيَّةً طَيِّبَةً اِنَّكَ
سَمِيْعُ الدُّعَآءِ ○

*အသံထွက်*

**ရဗ်ဗိ ဟဗ်လီ မိလ်လဒုန်(န)က ဇုရ်ရီးယသန်(န) သွိုင်ယိဗသန်(န) အင်န်နက စမီအွဒ် ဒုအာအ်။**

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးကို မိမိအထံတော်မှ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သားကောင်းရတနာတစ်ပါးကို ပေးသနားတော်မူပါ။ မလွဲ

ကေန် အရှင်မြတ်သည် တောင်းဆုများကို ကြားတော်မူသောအရှင်မြတ် ပင်ဖြစ်တော်မူပေသတည်း။ (ကုရ်အာန်၊ ၃ ၊ ၃၈)

## အကျိုးအာနိသင်

ယင်းတောင်းဆုတော်အား တမန်တော် **ဇကရိယာ** ﷺ သခင်သည် အသက်အရွယ်ကြီးရင့်သောအခါတွင် သားသမီး ရတနာ ရရှိရန်အတွက် တောင်းခံခဲ့ခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည်လည်း ကိုယ်တော်၏ယင်းတောင်းဆုတော်အား လက်ခံတော်မူခဲ့၏။ ထို့ကြောင့် တမန်တော် **ယဟ်ယာ** ﷺ သခင်အား အထူးဝိသေသများနှင့်အတူ ချီးမြှင့်တော်မူခဲ့၏။ ယင်းကဲ့သို့ လိုအပ်ချက် အတွက်ပင် တောင်းဆုတော်အမှတ်စဉ် (၃၀)တွင်လည်း တောင်းဆုတစ်ပုဒ် ပါရှိလေ၏။ ထို့ပြင် တောင်းဆုတော်အမှတ်စဉ် (၄၂)အားလည်း တမန်တော် **အိဗ်ရာဟီးမ်** ﷺ သခင်က ယင်းလိုအပ်ချက် အတွက်ပင် တောင်းခံခဲ့ကြောင်း ပါရှိလေ၏။

သားသမီးမရရှိသူများအတွက် အထက်ဖော်ပြပါတောင်းဆုတော်များသည် အထူးစူးရှထက်မြက်လှပေ၏။ ထို့နောက် သားသမီး ရရှိထားသူများအနေဖြင့်လည်း မိမိ၏သားသမီးများ သူမွန်သူမြတ်ဖြစ်လာရေးအတွက် အထက်ပါတောင်းဆုတော်များအား ရွတ်ဖတ်သင့်ပေ၏။

## တောင်းဆုတော် ( ၁၂ )

رَبَّنَآ اٰمَنَّا بِمَآ اَنْزَلْتَ وَاتَّبَعْنَا الرَّسُوْلَ

فَاكْتُبْنَامَعَ الشّٰهِدِيْنَ۝

အသံထွက်

ရဗ်ဗနား အာမန်(န)နာ ဗိမာ အန်(န)ဇလ်သ ဝါသ်သဗအ်နရ် ရစူလ ဖွာက်သုဗ်နာ မအရှ်ရှာဟိဒီးန်။

အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့၏အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်ထုတ်ပြန်ပို့ချတော်မူသော အမိန့်တော်များကို ယုံကြည်၍ အရှင်မြတ်စေလွှတ်တော်မူသော ရစူလ်တမန်တော်၏ ဩဝါဒတော်များကိုလည်း တစ်သဝေမတိမ်းလိုက်နာကြပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သက်သေခံသူအပေါင်းတို့နှင့်အတူ ရေးမှတ်တော်မူပါ။ *(ကုရ်အာန်၊ ၃ း ၅၃)*

## အာကျိုးအာနိသင်

တမန်တော် **အီစာ** ﷺ သခင်၏ **ဟဝါရိ**တို့သည် **အီမာန်**သက်ဝင်ယုံကြည်ပြီးနောက် အထက်ပါတောင်းဆုတော်အား တောင်းခံခဲ့ကြ၏။

## တောင်းဆုတော် ( ၁၃ )

رَبَّنَا اغْفِرْ لَنَا ذُنُوبَنَا وَاِسْرَافَنَا فِىٓ اَمْرِنَا

وَثَبِّتْ اَقْدَامَنَا وَانْصُرْنَا عَلَى الْقَوْمِ

الْكٰفِرِيْنَ ○

*အသံထွက်*

ရဗ်ဗနတ်(ဂ်) ဖွိရ်လနာ ဇုနူဗနာ ဝအိစ်ရာဖနာ ဖွီး အမ်(မ)ရိနာ ဝဇဗ်ဗိသ် အတ်(က)ဒါမနာ ဝါန်ဆွုရ်နာ အလလ် ကောင်မိလ် ကာဖွိရီးန်။

## အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏အပြစ်များကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့၏ အရေးကိစ္စတွင် ကျွန်တော်မျိုးတို့၏ အလွန်အကျွံပြုမူခဲ့ခြင်းများကိုလည်းကောင်း၊ ချမ်းသာခွင့်ပေးသနားတော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ခြေများကို (ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ပေါ်၌)တည်တံ့ခိုင်မြဲစေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ကာဖိရ်တို့အပေါ်၌ အောင်မြင်ခြင်းကို ပေးသနားတော်မူပါ။ (ကုရ်အာန်၊ ၃ း ၁၄၇)

## အကျိုးအာနိသင်

အလ္လာဟ်အရှင်မြတ်သည် **အဆွဲ ဟာဗ် တော်** များအား အလ္လာဟ်လမ်းတော်တွင် တိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ တိုက်တွန်းရင်း မိန့်တော်မူခဲ့သည်မှာ . . .

ယခင် **နဗီတမန်တော်များနှင့်အတူ** လက်တွဲ၍ အလ္လာဟ်လမ်းတော်တွင် ပါဝင်တိုက်ခိုက်သူများသည် တည်ကြည်ခိုင်မြဲသူများပင်ဖြစ်ကြပေ၏။ ထို့နောက် ထိုသူတို့သည် နှုတ်မှလည်း ဤသို့တောင်းဆုပြုကြလေ၏။ ယင်းဖြင့် ထိုသူတို့သည် လောကီ၏ ကောင်းကျိုးအား ရရှိခဲ့ကြသည့်အပြင် တမလွန်တွင်လည်း အလွန်ထူးခြားသော ကုသိုလ်ကောင်းကျိုးအား ရရှိလိမ့်မည်ဖြစ်၏။

### တောင်းဆုတော် ( ၁၄ )

رَبَّنَآ مَا خَلَقْتَ هٰذَا بَاطِلًا سُبْحٰنَكَ فَقِنَا

عَذَابَ النَّارِ ۝ رَبَّنَآ اِنَّكَ مَنْ تُدْخِلِ النَّارَ

فَقَدْ اَخْزَيْتَهٗ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ۝

رَبَّنَآ اِنَّنَا سَمِعْنَا مُنَادِيًا يُّنَادِىْ لِلْاِيْمَانِ اَنْ

اٰمِنُوْا بِرَبِّكُمْ فَاٰمَنَّا رَبَّنَا فَاغْفِرْ لَنَا ذُنُوْبَنَا
وَكَفِّرْ عَنَّا سَيِّاٰتِنَا وَتَوَفَّنَا مَعَ الْاَبْرَارِ ۝
رَبَّنَا وَاٰتِنَا مَا وَعَدْتَّنَا عَلٰى رُسُلِكَ وَلَا تُخْزِنَا
يَوْمَ الْقِيٰمَةِ اِنَّكَ لَا تُخْلِفُ الْمِيْعَادَ ۝

*အသံထွက်*

ရဗ်ဗနား မာခလတ်(က)သဟာဓာ ဗာသွိလန်(န) စွဗ်ဟာနက ဖွကိနာ အဓာဗန်(န)နားရ်။ ရဗ်ဗနား အင်န်နက မန်(န) သုဒ်ခိလင်န် နားရ ဖွကဒ် အခ်ဇိုင် သဟူ ဝမာလိဇ်ဖွာလိမိန မင်န် အန်(န)ဆွာရ်။ ရဗ်ဗနား အင်န်နနာ စမိအ်နာ မုနာဒိယိုင် ယုနာဒီ လိလ်အိမာနိ အန်(န)အာမိနူး ဗိရဗ်ဗိကွမ်(မ) ဖွအာမာန်(န)နာ ရဗ်ဗနာ ဖွာဂ်ဖွိရ်လနာ ဇုနူဗနာ ဝကဖ်ဖွိရ် အန်(န)နာ စိုင်ယိအား သိနာ ဝသဝါဖ်ဖွနာ မအလ်အဗ်ရာရ်။ ရဗ်ဗနား ဝအာသိ နာ မာဝအဒ်သနာ အလာရုစုလိက ဝလာသုခ်ဇိနာ ယောင်မလ် ကိယာမသိ အင်န်နက လာသုခ်လိဖွလ်မိ အားဒ်။

## အခါပွာယ်

အို ... ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ဤ(ဖန်ဆင်းထားသော)အရာများကိုအချည်းအနှီး ဖန်ဆင်းထားတော်မူသည် မဟုတ်ပါ။ အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ငရဲမီး၏ပြစ်ဒဏ်မှ ဖယ်ရှားပေးတော်မူပါ။ *(ကုရ်အာန်၊ ၃ း ၁၉၁)*

အို ... ကျွန်တော်မျိုးတို့၏အရှင်၊ မုချဧကန် အရှင်မြတ်သည် အကြင်မည်သူကိုမဆို ငရဲမီးထဲသို့ တည့်သွင်းတော်မူပါလျှင် အရှင်မြတ်သည် ထိုသူ့အား မုချဂုဏ်ရည်သေးသိမ်အောင် ပြုတော်မူချေပြီ။ ထို့ပြင် မတရားကျူးလွန်သောသူတို့အဖို့ ကူညီစောင်မ,မည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပါ။ *(ကုရ်အာန်၊ ၃ း ၁၉၂)*

အို ... ကျွန်တော်မျိုးတို့၏အရှင်၊ မုချဧကန် ကျွန်တော်မျိုးတို့သည် ကြွေးကြော်သူတစ်ဦး (၏ကြွေးကြော်သံ)ကို ကြားကြရပါသည်။ ထိုသူသည် (လူခပ်သိမ်းတို့အား)အီမာန်ယုံကြည်ခြင်းတရား ထားရှိရန်အလို့ငှာ (အို ... လူအပေါင်းတို့)"အသင်တို့သည် မိမိတို့၏အရှင်မြတ်အား ယုံကြည်ကြကုန်"ဟု ကြွေးကြော်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား ယုံကြည်အားထားကြပါသည်။ အို ... ကျွန်တော်မျိုးတို့၏အရှင်၊ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (ကြီးလေးသော) အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (သေးငယ်သော)မကောင်းမှုများကိုလည်း ကျွန်တော်မျိုးတို့ထံမှ ပပျောက်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် (မိမိ၏ကရုဏာတော်အဟုန်ဖြင့်) ကျွန်တော်မျိုးတို့အား သူမွန်သူမြတ်တို့နှင့်အတူတကွ သေဆုံးစေတော်မူပါ။ *(ကုရ်အာန်၊ ၃ း ၁၉၃)*

အို … ကျွန်တော်မျိုးတို့၏အရှင်၊ ထို့နောက် အရှင်မြတ်သည် မိမိ၏ "ရစူလ်"တမန်တော်များမှတစ်ဆင့် ကျွန်တော်မျိုးတို့အား ကတိပြုတော်မူခဲ့သော "စဝါးဗ်"အကျိုးများကိုလည်း ကျွန်တော်မျိုးတို့အား ပေးသနားတော်မူပါ။ ထို့နောက် အရှင်မြတ်သည် ကျွန်တော်မျိုးအား ကေယာမသ်နေ့တွင် ဂုဏ်ရည်သေးသိမ်အောင် ပြုတော်မမူပါလင့်။ မုချကေန် "အလ္လာဟ်"အရှင်မြတ်သည် (မိမိထားရှိသော) ကတိတော်ကို (ဘယ်သောအခါမှ)ဖောက်ဖျက်တော်မူသည်မဟုတ်ပါ။

*(ကုရ်အာန်၊ ၃ း ၁၉၄)*

## အကျိုးအာနိသင်

အလ္လာဟ်အရှင်မြတ် မိန့်တော်မူထားသည်မှာ . . .

**ဖိက်ရ်** ဟာသမှုနှင့် (တမလွန်၏) ပူပင်သောကဝေဖြာမှုတွင် နစ်မွန်းနေသူတို့သာ အသိဉာဏ်ရှိသူများပင်ဖြစ်ကြကုန်၏။ ထို့နောက် ထိုကဲ့သို့သူများသည် ယင်းကဲ့သို့တောင်းဆုတော်အား တောင်းခံကြလေ၏။ တမန်တော်မြတ် ﷺ သည်လည်း ညအခါ၌ **သဟာဂျ်ဂျုဒ်နမာဇ်**ဝတ်ပြုရန်အတွက် နိုးထတော်မူသောအခါတွင် ယင်းတောင်းဆုတော်အား ရွတ်ဖတ်တော်မူခဲ့လေ၏။

*(ဗုခါရီ နှင့် မွတ်စလင်မ်ကျမ်း)*

အမှန်စင်စစ် ကိုယ်တော်သည် اِنَّ فِىْ خَلْقِ السَّمٰوٰتِ **အင်န်နဖွီးခလ်ကိစ်စမာဝါသိ**မှစတင်ပြီး **စူရဟ်**အဆုံးထိ ရွတ်ဖတ်ခြင်းဖြစ်၏။ ယင်းအာယသ်တော်တွင် အထက်ပါတောင်းဆုတော်သည်လည်း ပါဝင်သွား၏။

## တောင်းဆုတော် ( ၁၅ )

رَبَّنَآ اٰمَنَّا فَاكْتُبْنَا مَعَ الشّٰهِدِيْنَ ○

*အသံထွက်*

ရဗ်ဗနာ အမန်(န)နာ ဖွာက်သုဗ်နာ မအရှ်ရှာဟိဒီးန်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် ယုံကြည်ကြပါပြီ၊ သို့ဖြစ်ပေရာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်း ယုံကြည်ထောက်ခံသက်သေထွက်ဆိုသော သူတို့နှင့်အတူ အသိအမှတ်ပြုတော်မူပါ။ *(ကုရ်အာန်၊ ၅ း ၈၃)*

## အကျိုးအာနိသင်

အလ္လာဟ်အရှင်မြတ်သည် **အီသီယိုပီးယားနိုင်ငံရှိ အီမာန်**သက်ဝင်ယုံကြည်လာသော **အီစာအီ**များနှင့်ပတ်သက်၍ ...

ထိုသူတို့သည် မိမိကိုယ်ကိုမိမိ ကျိုးငဲ့ကြပြီး ယင်းကဲ့သို့ တောင်းဆုတော်အားလည်း တောင်းခံကြပေ၏ ... ဟု မိန့်ကြားထားခြင်းဖြစ်၏။

## တောင်းဆုတော် ( ၁၆ )

رَبَّنَا ظَلَمْنَا اَنْفُسَنَا وَاِنْ لَّمْ تَغْفِرْ لَنَا

وَتَرْحَمْنَا لَنَكُوْنَنَّ مِنَ الْخٰسِرِيْنَ ○

အသံထွက်

ရဗ်ဗနာ ဇွလမ်(မ)နာ အန်(န)ဖွုစနာ ဝအိလ် လမ်(မ) သဂ်ဖွိရ်လနာ ဝသရ်ဟမ်(မ)နာ လနကူနန်(န)န မိနလ်ခါစိရီးန်။

## အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ (ကေန်စင်စစ်)ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်ကို မိမိပင် နှိပ်စက်ညှင်းပန်းခဲ့ကြပါပြီ၊ နစ်နာဆုံးရှုံးအောင် ပြုလုပ်မိကြပါပြီ။ ထို့ပြင် အကယ်၍သာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းမပြုပါလျှင်၊ ထို့ပြင် ကျွန်တော်မျိုးတို့ အပေါ်ဝယ် သနားညှာတာတော်မူခြင်း မပြုပါလျှင်၊ ကေန်မလွဲ ကျွန်တော်မျိုးတို့သည် နစ်နာဆုံးရှုံးသူတို့တွင် အပါအဝင်ဖြစ်ကြရပါတော့အံ့။

*(ကုရ်အာန်၊ ၇ း ၂၃)*

## အကျိုးအာနိသင်

ဖခင်ကြီး **အာဒမ်** عليه السلام သခင်နှင့် **ဟောင်ဝါ** عليها السلام သခင်မတို့သည် မေ့မှားယွင်းမှုတစ်စုံတစ်ရာကြောင့် **ဂျန္နသ်**မှလောကသို့ ရောက်ရှိလာသောအခါ ပြန်လည်၍အမှားဝန်ချတောင်းပန်မှုပြုရန်အတွက် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ကပင် ယင်းဒုအာ်ောင်းဆုတော်အား တောင်းခံရန် သင်ကြားခဲ့ခြင်းဖြစ်၏။ ထိုအခါ ယင်းတောင်း

ဆုတော်၏ **ဗရ်ကာသ်**မင်္ဂလာကြောင့် ထိုသူနှစ်ဦးတို့၏အပြစ်များ ချက်ချင်းပင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းခံခဲ့ရလေ၏။

## တောင်းဆုတော် ( ၁၇ )

رَبَّنَا لَا تَجْعَلْنَا مَعَ الْقَوْمِ الظّٰلِمِيْنَ ○

*အသံထွက်*

**ရဗ်ဗနား လာသဂ်အလ်နာ မအလ် ကောင်မိဇ် ဇွာလိမီးန်။**

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (ဤ)မတရားကျူးလွန်သောသူတို့နှင့်အတူ ထားတော်မမူပါနှင့်။ *(ကုရ်အာန်၊ ၇ း ၄၇)*

## အကျိုးအာနိသင်

**အအ်ရာဖ်**အုပ်စု (အကြောင်းတစ်စုံတစ်ရာကြောင့်**ဂျဟန္နမ်**နှင့် **ဂျန္နသ်**၏အကြားတွင် ခေတ္တရှိကြရလိမ့်မည်သူများ)တို့သည် **ဂျဟန္နမ်**ဘက်သို့ မျက်နှာလှည့်ကြည့်သောအခါတွင် ဤတောင်းဆုတော်အား တောင်းခံကြလိမ့်မည်ဖြစ်၏။

## တောင်းဆုတော် ( ၁၈ )

رَبَّنَآ اَفۡرِغۡ عَلَيۡنَا صَبۡرًا وَّ تَوَفَّنَا مُسۡلِمِيۡنَ ۝

အသံထွက်

ရဗ်ဗနား အဖ္ဖ်ရိဂ် အလိုင်နာ ဆွာဗ်ရောင် ဝသ ဝါဖ်ဖွနာ မွတ်စ်လိမီးန်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၌ တည်ကြည်မှုကို သွန်းလောင်းပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မွတ်စလင်မ် (အမိန့်တော်ကို လိုက်နာသူများ)အဖြစ် သေဆုံးစေတော်မူပါ။ *(ကုရ်အာန်၊ ၇ း ၁၂၆)*

### အကျိုးအာနိသင်

**ဖိရ်အောန်**၏ မှော်ဆရာများက **အီမာန်**သက်ဝင်ယုံကြည်ပြီးသောအခါတွင် **ဖိရ်အောန်**က ကြိုးစင်တင်မည်ဟု ခြိမ်းခြောက်ခဲ့၏။ ထိုအခါ ထိုသူများက ယင်းတောင်းဆုအား တောင်းခံခဲ့ကြပေ၏။

## တောင်းဆုတော် ( ၁၉ )

اَنْتَ وَلِيُّنَا فَاغْفِرْ لَنَا وَارْحَمْنَا وَاَنْتَ
خَيْرُ الْغَافِرِيْنَ ○ وَاكْتُبْ لَنَا فِىْ هٰذِهِ الدُّنْيَا
حَسَنَةً وَّفِى الْاٰخِرَةِ اِنَّا هُدْنَا اِلَيْكَ ط

အသံထွက်

အန်(န)သ ဝလီးယုနာ ဖွာဂ်ဖွိရ်လနာ ဝါရ်ဟမ်(မ)နာ ဝအန်(န)သ ခိုင်ရုလ် ဂါဖွိရီးန်။ ဝါက်သုဗ်လနာ ဖွီးဟာဇိဟိဒ် ဒွန်(န)ယာ ဟစနသောင် ဝဖွိလ်အားခိရသိ အင်န်နာ ဟုဒ်နား အိလိုင်က။

**အဓိပ္ပာယ်**

အရှင်မြတ်သည်ပင်လျှင် ကျွန်တော်မျိုးတို့၏ ကိစ္စ (အဝဝတို့) ကို (ပြီးစီးအောင်)ဆောင်ရွက်ပေးတော်မူသော အရှင်မြတ်ဖြစ်တော်မူပေသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ထို့ပြင် အို ... အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား သနားညှာတာတော်မူပါ၊ အမှန်စင်စစ်သော်ကား

အရှင်မြတ်သည်ပင်လျှင် အကောင်းဆုံးသော လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်မြတ်ပင်တည်း။ *(ကုရ်အာန်၊ ၇ း ၁၅၅)*

ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ဤလောကဘ၀၌လည်းကောင်း၊ နောင်တမလွန်ဘ၀၌လည်းကောင်း ကောင်းကျိုးချမ်းသာကို သတ်မှတ်ပြဋ္ဌာန်းပေးတော်မူပါ။ ကျွန်တော်မျိုးတို့သည် ကေန်စင်စစ် အရှင်မြတ်ဘက်သို့သာလျှင် ပြန်၍ လှည့်ခဲ့ကြလေသည်။

*(ကုရ်အာန်၊ ၇ း ၁၅၆)*

## အာကျိုးအာနိသင်

တမန်တော်**မူစာ** ﷺ သခင်သည် မိမိ၏လူမျိုးစုမှ နောက်လိုက်အယောက် (၇၀)အားရွေးချယ်၍ မိမိနှင့်အတူ **သူရ်တောင်**ပေါ်သို့ ခေါ်ဆောင်သွားခဲ့၏။ ထိုသို့ရောက်ပြီးနောက် ထိုသူတို့သည် အထူးများယွင်းမှုတစ်စုံတစ်ရာအား ကျူးလွန်မိခဲ့၏။ ယင်းဖြင့် လျှပ်ပြလုပ်ခြင်းခံရပြီး ထိုလျှပ်၏ဒဏ်ဖြင့် ထိုသူများအားလုံး သေဆုံးကွယ်လွန်ခဲ့ကြ၏။ ဤတွင် တမန်တော်**မူစာ** ﷺ သခင်က အထက်ဖော်ပြပါတောင်းဆုအား တောင်းခံတော်မူခဲ့၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ထိုသေဆုံးနေကြကုန်သောသူတို့အား ပြန်လည်၍ ရှင်စေတော်မူလိုက်၏။

အဆိုတစ်ရပ်အရ ... တမန်တော်မြတ် ﷺ ၏ အဆင့်ပြီးလျှင် တမန်တော်**မူစာ** ﷺ ၏ အဆင့်ပင်ဖြစ်၏။

## တောင်းဆုတော် ( ၂၀ )

رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلْقَوْمِ الظّٰلِمِيْنَ ○

وَنَجِّنَا بِرَحْمَتِكَ مِنَ الْقَوْمِ الْكٰفِرِيْنَ ۝

အသံထွက်

ရဗ်ဗနား လာသဂျ်အလ်နာ ဖွိသ်နသလ် လိလ်ကောင်မိဇ် ဇွာလိမီးန်။

**အဓိပ္ပာယ်**

အို … ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား နှိပ်စက်ကလူ ပြုမူကုန်သောသူတို့၏ အနှိပ်စက်ခံကြရသူများအဖြစ် ပြုတော်မမူပါနှင့်။

*(ကုရ်အာန်၊ ၁၀ း ၈၅)*

## အကျိုးအာနိသင်

တမန်တော်**မူစာ** ﷺ သခင်က မိမိ၏**အုမ္မသ်**အား . . .

အသင်တို့သည် **ဖိရ်အောန်**၏ဒုက္ခပေးမှုများအပေါ် သည်းခံကြလော့၊ ထို့နောက် အလ္လာဟ်အရှင်မြတ်ပေါ်၌သာ ယုံကြည်ကိုးစားကြကုန်လော့ . . . ဟု တိုက်တွန်းမိန့်ဆိုခဲ့ခြင်းအပေါ် ကိုယ်တော်၏**အုမ္မသ်**များသည် အထက်ပါတောင်းဆုတော်အား တောင်းခံခဲ့ကြလေ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည်လည်း ယင်းတောင်းဆုတော်ကြောင့် ထိုသူတို့အား **ဖိရ်အောန်**၏ဘေးဒုက္ခမှ လွတ်ကင်းစေတော်မူခဲ့၏။

## တောင်းဆုတော် ( ၂၁ )

فَاطِرَ السَّمٰوٰتِ وَالْاَرْضِ اَنْتَ وَلِيّٖ

فِى الدُّنْيَا وَالْاٰخِرَةِ تَوَفَّنِىْ مُسْلِمًا

وَّ اَلْحِقْنِىْ بِالصّٰلِحِيْنَ ○

*အသံထွက်*

ဖွာသိရတ်(စ) စမာဝါသိ ဝါလ်အရ်သွိ အန်(န)သ ဝလီးယိ ဖွိဒ်ဒွန်(န)ယာ ဝါလ်အာခိရသိ သဝါဖ္ဖ်ဖွနီ မွတ်စ်လိမောင် ဝအလ်ဟိက်နီ ဗိဆွ်ဆွာလိဟီးန်။

**အဓိပ္ပာယ်**

အို ... မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည် ဤပစ္စုပ္ပန်လောကီဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း ကျွန်တော်မျိုး၏ကိစ္စအဝဝကို စီမံပေးတော်မူသော အရှင်မြတ်ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မွတ်စလင်မ်)အမိန့်တော်ကိုလိုက်နာသူအဖြစ်နှင့် ကျွန်တော်မျိုး၏အသက်ဇီဝိန်ကို နှုတ်သိမ်းတော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်စင်တို့နှင့်အတူ တွဲဖက်ပေးတော်မူပါ။

*(ကုရ်အာန်၊ ၁၂ း ၁၀၁)*

## အကျိုးအာနိသင်

အများအားဖြင့် အဆိုအရ ... တမန်တော်ယူစွဖ် ﷺ သည် ကွယ်လွန်တော့မည့်အချိန်တွင် ဤတောင်းဆုတော်အား တောင်းခံခဲ့၏။

### တောင်းဆုတော် ( ၂၂ )

رَبِّ اجْعَلْنِىْ مُقِيْمَ الصَّلٰوةِ وَمِنْ ذُرِّيَّتِىْ
رَبَّنَا وَتَقَبَّلْ دُعَآءِ ○ رَبَّنَا اغْفِرْلِىْ
وَلِوَالِدَىَّ وَلِلْمُؤْمِنِيْنَ يَوْمَ يَقُوْمُ الْحِسَابُ ○

*အသံထွက်*

ရဗ်ဗိဂ်ျအလ်နီ မုကီမတ်(ဆွ)ဆွလာသိ ဝမင်န် ဇုရ်ရီယသီ ရဗ်ဗနား ဝသကဗ်ဗလ်ဒုအားအိ၊ ရဗ်ဗနဂ်ဖွိရ်လီ ဝလိ ဝါလိဒိုင်ယ ဝလိလ်မုအ်မိနီန ယောင်မ ယကူမုလ် ဟိစာဗ်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်

မြတ်၊ ကျွန်တော်မျိုးအား အမြဲတစေ ဆွလာသ်ဝတ်ပြုသူအဖြစ် တည်စေတော်မူပါ။ ထိုနည်းတူစွာ ကျွန်တော်မျိုး၏ နောက်သား၊ နောက်မြေးတို့အနက်မှလည်း (ဆွလာသ်ဝတ်ပြုသူများ ပြုလုပ်တော်မူပါ)

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏တောင်းဆုကို သဘောတူလက်ခံတော်မူပါ။ *(ကုရ်အာန်၊ ၁၄ း ၄၀)*

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် စစ်ဆေးမှုထွက်ပေါ်လာမည့်နေ့တွင် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားလည်းကောင်း **မုအ်မင်န်**သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ *(ကုရ်အာန်၊ ၁၄ း ၄၁)*

## အကျိုးအာနိသင်

ဤတောင်းဆုတော်သည် တမန်တော်**အိဗ်ရာဟီးမ်** عليه السلام ၏ တောင်းဆုပင်ဖြစ်၏။ သခင်သည် **ကအ်ဗဟ်**ဝတ်ကျောင်းတော်အား ပြန်လည်မွမ်းမံချိန်တွင် ယင်းတောင်းဆုတော်အားတောင်းခံလျက် ရှိခဲ့၏။ ယင်းတောင်းဆုတော်သည် မိမိအတွက်သော်လည်းကောင်း၊ မိမိ၏မိဘများအတွက်သော်လည်းကောင်း၊ မိမိ၏ သားသမီးများအတွက်သော်လည်းကောင်းဖြစ်၏။

## တောင်းဆုတော် ( ၂၃ )

رَبِّ ارْحَمْهُمَا كَمَا رَبَّيَانِي صَغِيرًا ۝

*အသံထွက်*

ရဗ်ဗိ ရ် ဟာမ်(မ)ဟုမာ ကမာ ရဗ်ဗယာနီး ဆွဂိရာ။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ထိုမိဘနှစ်ပါးသည် ကျွန်တော်မျိုးအား ငယ်စဉ်တောင်ကျေး ကလေးဘဝ၌ ပြုစုပျိုးထောင်ခဲ့ကြသကဲ့သို့ပင် အရှင်မြတ်သည်လည်း ယင်းမိဘနှစ်ပါးအပေါ်၌ ကရုဏာပြုတော်မူပါ။ *(ကုရ်အာန်၊ ၁၇ း ၂၄)*

## အကျိုးအာနိသင်

အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား မိမိတို့၏ မိဘနှစ်ပါးနှင့်ပတ်သက်၍ ယင်းကဲ့သို့တောင်းဆုပြုရန် မိန့်ကြားထားခြင်းဖြစ်၏။

## တောင်းဆုတော် ( ၂၄ )

رَبِّ اَدْخِلْنِىْ مُدْخَلَ صِدْقٍ وَّ اَخْرِجْنِىْ

مُخْرَجَ صِدْقٍ وَّ اجْعَلْ لِّىْ مِنْ لَّدُنْكَ

سُلْطٰنًا نَّصِيْرًا ۝

*အသံထွက်*

ရဗ်ဗိ အဒ်ခိလ်နီး မုဒ်ခလ ဆိဒ်ကင်န် ဝအခ်ရိဂျ်နီ မုခ်ရဂျ ဆိဒ်ကင်န် ဝါဂျ်အလ်လီ မိလ်လဒွန်(န)က စုလ် သွာနန်(န) နဆီးရာ။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မဒီနဟ်မြို့တော်သို့) နှစ်သက်ကောင်းမွန်စွာ ဝင်ရောက်စေခြင်းမျိုးဖြင့် ဝင်ရောက်စေတော်မူပါ။ ထိုနည်းတူစွာ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မက္ကာဟ်မြို့တော်မှ) နှစ်သက်ကောင်းမွန်စွာ ထွက်စေခြင်းမျိုးဖြင့် ထွက်စေတော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိအထံတော်မှ ကူညီစောင်မမည့် အားအင် (စိုးမိုးမှုကို)ချီးမြှင့်ပေးသနားတော်မူပါ။

*(ကုရ်အာန်၊ ၁၇ း ၈၀)*

## အကျိုးအာနိသင်

တမန်တော်မြတ် ﷺ အပေါ် ယင်းတောင်းဆုတော်ကို တောင်းခံရန် အမိန့်ကျရောက်ခဲ့၏။

### တောင်းဆုတော် ( ၂၅ )

رَبَّنَآ اٰتِنَا مِنۡ لَّدُنۡكَ رَحۡمَةً وَّهَيِّئۡ لَنَا

مِنْ اَمْرِ نَا رَشَدًا ○

*အသံထွက်*

ရဗ်ဗနား အာသိနာ မိလ်လဒွန်(န)က ရဟ်မ သောင် ဝဟိုင်ယိအ် လနာ မင်န်အမ်(မ)ရိနာ ရရှဒါ။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိအထံတော်မှ ကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူပါ။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ အရေးကိစ္စ၌ ဖြောင့်မတ်မှုကို ပြုပြင်စီမံပေးသနားတော်မူပါ။ *(ကုရ်အာန်၊ ၁၈ း ၁၀)*

## အကျိုးအာနိသင်

ယင်းတောင်းဆုတော်သည် **အဆ်ဟာဗေကဟ်ဖ်** (ဂူတွင်းသားလူငယ်များ)တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ ယင်းဒုအာ၏အာယသ်တော်၌ပင် ...

အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ အထက်ပါတောင်းဆုအား လက်ခံတော်မူပြီး ထိုသူတို့၏ **အီမာန်**ကိုလည်း ထိန်းသိမ်းတော်မူခဲ့ကြောင်း ပါရှိလေ၏။ ဤသည်သာမက ထိုသူတို့၏ပူပင်သောကများကိုလည်း ပပျောက်စေခဲ့၏။

## တောင်းဆုတော် ( ၂၆ )

رَبِّ اشْرَحْ لِي صَدْرِي ○ وَيَسِّرْ لِي
أَمْرِي ○ وَاحْلُلْ عُقْدَةً مِّن لِّسَانِي ○
يَفْقَهُوا قَوْلِي ○

*အသံထွက်*

ရဗ်ဗိရှ် ရဟ်လီ ဆွာဒ်ရီ ဝယတ်(စ)စိရ်လီး အမ်(မ)ရီ ဝါဟ်လုလ် အုက်ဒသမ်(မ) မိလ်လိစာနီ ယဖ်ကဟူ ကောင်လီ။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏ရင်ကို ကျယ်ဝန်းကြည်လင်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် (ကျွန်တော်မျိုး၏စကားကို လူသားတို့)နားလည်နိုင်ကြရန် ကျွန်တော်မျိုး၏လျှာမှ အထုံးကို ဖြေ၍ပေးတော်မူပါ။ သို့မှသာလျှင် လူတို့သည် ကျွန်တော်မျိုး၏စကားကို ကောင်းစွာနားလည်ကြမည်ဖြစ်ပါသည်။

*(ကုရ်အာန်၊ ၂၀ း ၂၅-၂၆-၂၇-၂၈)*

## အာကျိုးအာနိသင်

ဤတောင်းဆုသည် တမန်တော်**မူစာ** ﷺ သခင် တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် သခင့်အား **နဗူဝသ်** (နဗီဖြစ်ခြင်း ဘွဲ့တော်ကို ချီးမြှင့်တော်မူပြီး) **ဖိရ်အောန်**ဘုရင်ထံသွားရောက် **သဗ်လီးဂ်**သာသနာပို့ချရန် အမိန့်ချမှတ်သောအခါ သခင်သည် အလ္လာဟ်အရှင်မြတ်ထံတော်ပါး၌ ယင်းကဲ့သို့တောင်းဆုပြုခဲ့ခြင်းပင်ဖြစ်၏။ ယင်းအာယသ်တော်၏အရှေ့အာယသ်တော်တွင် တမန်တော်**မူစာ** ﷺ သခင်၏ ယင်းတောင်းခံမှုအား **ကဗူလ်**ပြု လက်ခံခဲ့ကြောင်းပါရှိ၏။

### တောင်းဆုတော် ( ၂၇ )

رَبِّ زِدْنِيْ عِلْمًا ٥

*အသံထွက်*

ရဗ်ဗိ ဇိဒ်နီ အိလ်မာ။

### အဓိပ္ပာယ်

အို … ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အရှင်မြတ်သည် ကျွန်တော်မျိုး၏ အသိပညာကို တိုးပွားစေတော်မူပါ။ *(ကုရ်အာန်၊ ၂၀ း ၁၁၄)*

## အကျိုးအာနိသင်

တမန်တော်မြတ် ﷺ အပေါ် ယင်းတောင်းဆုတော်ကိုရွတ်ဖတ်တောင်းခံရန် အမိန့်ကျရောက်ခဲ့၏။ ဤနေရာတွင် ပညာရပ်ဆိုသည်မှာ **ဝဟီ**၏ပညာရပ် (**ရှရီအသ်တရားတော်**၏ ပညာရပ်)ကို ဆိုလိုခြင်းဖြစ်၏။

## တောင်းဆုတော် ( ၂၈ )

رَبِّ اِنِّیْ مَسَّنِیَ الضُّرُّ وَ اَنْتَ اَرْحَمُ

الرّٰحِمِیْنَ ۝

*အသံထွက်*

ရဗ်ဗိ အင်န်(န)နီ မတ်(စ)စနိ ယာဒ်ဒုရ်ရု ဝအန်(န)သ အရ်ဟမုရ် ရာဟိမီးန်။

### အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကေန်မလွဲ ကျွန်တော်မျိုး၌ ဘေးဥပဒ်သက်ရောက်နေပြီ၊ စစ်စစ်သော်ကား အရှင်မြတ်သည် သနားကရုဏာပြုတတ်သူတို့တွင် ကရုဏာပြုတော်မူဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်။

*(ကုရ်အာန်၊ ၂၁ း ၈၃)*

## အကျိုးအာနိသင်

ဤတောင်းဆုတော်သည် တမန်တော်**အိုင်ယူဗ်** ﷺ တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ယင်းတောင်းဆုတော်၏အာယသ်ပြီးလျှင် အရှေ့တွင်လက်ခံခြင်း ခံခဲ့ရကြောင်းနှင့်ပတ်သက်၍ ဖော်ပြထားလေ၏။ အလ္လာဟ်အရှင်မြတ်သည် ယင်းတောင်းဆုတော်၏ **ဗရ်ကသ်တော်**ဖြင့် **အိုင်ယူဗ်** ﷺ သခင်၏ဒုက္ခ အလုံးစုံအား ဖယ်ရှားပေးတော်မူခဲ့၏။

ကုရ်အာန်ကျမ်းတော်မြတ်တွင် نَادٰى رَبَّهٗٓ اَنِّىْ **နာဒါ ရဗ်ဗဟူး အန်(န)နီ** . . . ဟုပါရှိလေ၏။ ယင်းအား အထက်တွင် رَبِّ اِنِّىْ **ရဗ်ဗိ အင်န်(န)နီ** . . . ဟု ရေးသားထားခြင်းဖြစ်၏။ ဤသည်မှာ ပြုပိုင်သောကိစ္စရပ်ဖြစ်၏။

### တောင်းဆုတော် ( ၂၉ )

لَآ اِلٰهَ اِلَّآ اَنْتَ سُبْحٰنَكَ اِنِّىْ كُنْتُ

مِنَ الظّٰلِمِيْنَ ۝

*အသံထွက်*

လားအိလာဟ အိလ်လာ အန်(န)သ စွဗ်ဟာနက အင်န်နီး ကွန်(န)သု မိနဇ္ဇွာလိမီးန်။

**အခ်ိပ္ပာယ္**

(အို ... အလ္လာဟ်အရှင်မြတ်)အရှင်မြတ်မှတစ်ပါး ခဝပ်ကိုး ကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပါ။ အရှင်မြတ်သည် စင်ကြယ်သန့်ရှင်း တော်မူပါ၏။ ကေန်မလွဲ ကျွန်တော်မျိုးတို့သည်သာလျှင် အပြစ်ကျူးလွန် သူဖြစ်ပါ၏။ *(ကုရ်အာန်၊ ၂၁ း ၈၇)*

## အကျိုးအာနိသင်

ဤတောင်းဆုတော်သည် တမန်တော်**ယူနွစ်** ﷺ သခင် ၏ တောင်းဆုတော်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် ဖြင့် အထူးငါးတစ်ကောင်က သခင့်အား မိမိ၏ဝမ်းဗိုက်တွင် မျိုချ လိုက်သောအခါ သခင်သည် ယင်းတောင်းဆုတော်အား တောင်းခံ ခဲ့ခြင်းဖြစ်၏။ သခင်၏ ထိုသို့တောင်းခံမှုအပေါ် အလ္လာဟ်အရှင်မြတ် သည်လည်း ချက်ချင်းပင် သခင်၏ဘေးဒုက္ခအားဖယ်ရှားပြီး သခင့် အား လွတ်ကင်းမှုပေးသနားတော်မူခဲ့ကြောင်း အရှေ့အာယသ်တော် တွင် ဆက်လက်ပါရှိလေ၏။

ဤသည့်သာမက ထိုအာယသ်တော်တွင် ...

မည်သည့်မွတ်စလင်မ်တစ်ဦးတစ်ယောက်ပင်မဆို ယင်း တောင်းဆုတော်အား တောင်းခံခဲ့လျှင် ထိုသူ၏တောင်းဆုသည် လက် ခံခြင်းခံရမည့်အကြောင်း အရိပ်နိမိတ်ပါရှိလေ၏။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ပုဒ် တွင် မိန့်တော်မူထားသည်မှာ ...

အကယ်၍ **ယူနွစ်** ﷺ သခင်သည် (ထိုစဉ်က) **သတ်(စ) ဗီဟ်တော်** (အထက်ပါတောင်းဆုတော်)အား မရွတ်ဖတ်ခဲ့လျှင် **ကီယာမသ်**နေ့တိုင် **ယူနွစ်** ﷺ သည် ငါး၏ဝမ်းဗိုက်၌ပင် ရှိလိမ့် မည်သာဖြစ်၏။

အထက်ပါအာယသ်တော်တွင် ဖော်ပြထားသည့် **သတ်(စ) ဗိဟ်တော်**ဆိုသည်မှာ ယင်းတောင်းဆုတော်ကိုပင် ဆိုလိုခြင်းဖြစ်၏။ ဘေးဒုက္ခနှင့် ရင်ဆိုင်နေရချိန်တွင် ယင်းတောင်းဆုအား တောင်းခံခြင်းနှင့်ပတ်သက်၍ လွန်စွာအကျိုးထူးမြတ်မည့်အကြောင်း **ဟဒီစ်တော်**များတွင် လာရှိပေ၏။ *(သိရ်မိဇီကျမ်း)*

## တောင်းဆုတော် ( ၃၀ )

رَبِّ لَا تَذَرْنِىْ فَرْدًا وَّ اَنْتَ خَيْرُ الْوٰرِثِيْنَ ۝

*အသံထွက်*

ရဗ်ဗိ လာသဇရ်နီ ဖွာရ်ဒေါင် ဝအန်(န)သ ခိုင်ရုလ် ဝါရိစီးန်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အရှင်မြတ်သည် ကျွန်တော်မျိုးအား (အမွေဆက်ခံသူမရှိသောသူအဖြစ်) တစ်ဦးတည်းစွန့်ထားတော်မမူပါနှင့်။ စင်စစ်သော်ကား အရှင်မြတ်သည် အကောင်းဆုံးသော အမွေစားအမွေခံပေးသောအရှင်ဖြစ်တော်မူ၏။

*(ကုရ်အာန်၊ ၂၁ း ၈၉)*

## အကျိုးအာနိသင်

ဤတောင်းဆုတော်သည် တမန်တော် **ဇကရိယာ** ﷺ

သခင်က သားသမီးရရှိရန်အတွက် တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ ယင်းတောင်းဆု၏ အရှေ့အာယသ်တော်တွင် လက်ခံခြင်းခံခဲ့ရကြောင်းနှင့်ပတ်သက်၍ ဤသို့လည်းပါရှိသေး၏။

ငါအရှင်သခင်သည်လည်း **ဇကရိယာအား ယဟ်ယာ** (ဟူသောသားမြတ်ရတနာ)ချီးမြှင့်တော်မူခဲ့၏။

## တောင်းဆုတော် ( ၃၁ )

رَبِّ اَنْزِلْنِیْ مُنْزَلًا مُّبٰرَكًا وَّاَنْتَ خَیْرُ الْمُنْزِلِیْنَ ○

*အသံထွက်*

ရဗ်ဗိအန်(န) ဇိလ်နီ မွန်(န) ဇလမ်(မ) မုဗာရကန်(န) ဝအန်(န)သ ခိုင်ရုလ် မွန်(န)ဇိလီးန်။

## အဓိပ္ပာယ်

အို … ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နေရာသို့ ဆင်းသက်စေတော်မူပါ။ စင်စစ် အရှင်မြတ်သည် နေရာချပေးသောသူတကာတို့တွင် အကောင်းဆုံးနေရာချပေးတော်မူသော အရှင်သခင်ဖြစ်တော်မူ၏။ *(ကုရ်အာန်၊ ၂၃ း ၂၉)*

## အကျိုးအာနိသင်

တမန်တော်**နူဟ်** ﷺ သည် သင်္ဘောပေါ်သို့တက်ရောက်

ပြီးသောအခါ ယင်းတောင်းဆုတော်ကိုရွတ်ဖတ်ရန် အမိန့်ပေးခြင်း ခံခဲ့ရ၏။

## တောင်းဆုတော် ( ၃၂ )

رَبِّ اَعُوْذُبِكَ مِنْ هَمَزَاتِ الشَّيٰطِيْنِ○
وَاَعُوْذُبِكَ رَبِّ اَنْ يَّحْضُرُوْنِ○

### အသံထွက်

ရဗ်ဗိ အအူဇုဗိက မင်န် ဟမဇာသိရှ် ရှယာသွီးနိ ဝအအူဇုဗိက ရဗ်ဗိ အိုင် ယဟ်ဒွရူးန်။

### အဓိပ္ပာယ်

အို ... ကျွန်တော်မျိုး၏ အရှင်မြတ်၊ ကျွန်တော်မျိုးသည် ရှိုင်သွာန်တို့၏ တိုက်တွန်းနှိုးဆော်ချက်တို့မှ (လွတ်ကင်းရန်) အရှင်မြတ်၏အကာအကွယ်ကို ရလိုပါ၏။

အို ... အရှင်၊ ရှိုင်သွာန်များသည် ကျွန်တော်မျိုးထံသို့ ရောက်ရှိမလာနိုင်ကြရန်လည်း အရှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။

(ကုရ်အာန်၊ ၂၃ း ၉၇-၉၈)

## အကျိုးအာနိသင်

ဤတောင်းဆုတော်ကို ရွတ်ဖတ်ရန် တမန်တော်မြတ် ﷺ ထံ အမိန့်ကျရောက်ခဲ့၏။ ထို့နောက် အထူးသဖြင့် ကာဖိရ်တို့နှင့် ယှဉ်ပြိုင်ပြောဆိုသောအခါ ယင်းတောင်းဆုတော်အား ရွတ်ဖတ်ခြင်းသည် အလွန်အကျိုးသက်ရောက်ပေ၏။

## တောင်းဆုတော် ( ၃၃ )

رَبَّنَآ اٰمَنَّا فَاغْفِرْ لَنَا وَارْحَمْنَا

وَاَنْتَ خَيْرُ الرّٰحِمِيْنَ ۝

*အသံထွက်*

ရဗ်ဗနား အာမန်(န)နာ ဖွာဂ်ဖိရ် လနာ ဝါရ်ဟမ်(မ)နာ ဝအန်(န)သ ခိုင်ရုရ် ရာဟိမီးန်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါသည်။ ထို့ အတွက် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သနား

တော်မူပါ။ စင်စစ်သော်ကား အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတွင် အကောင်းဆုံး သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါ၏။

*(ကုရ်အာန်၊ ၂၃ း ၁၀၉)*

## အကျိုးအာနိသင်

**ဂျဟာန္နမ်ငရဲသားတို့အား** . . . လောကတွင် ငါအရှင်သခင်၏ သူမွန်သူမြတ်ကျေးကျွန်တို့သည် ဤတောင်းဆုတော်အား ရွတ်ဖတ်တောင်းခံသည့်အခါ သင်တို့သည် လှောင်ပြောင်သရော်ခဲ့ကြလေ၏။ ယနေ့ ထိုသူတို့နှင့် အသင်တို့၏ရလဒ်အား ကြည့်ရှုကြကုန်လော့ . . . ဟု အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူလိမ့်မည်။

## တောင်းဆုတော် ( ၃၄ )

رَبِّ اغْفِرْ وَارْحَمْ وَاَنْتَ خَيْرُ الرّٰحِمِيْنَ ۝

*အသံထွက်*

ရဗ်ဗိဂ် ဖွိရ် ဝါရ်ဟမ်(မ) ဝအန်(န)သ ခိုင်ရုရ် ရာဟိမီးန်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုး၏ အရှင်သခင်၊ အရှင်မြတ်သည် (ကျွန်တော်မျိုးအား)ခွင့်လွှတ်တော်မူပါ။ ထို့ပြင် အရှင်မြတ်သည် (ကျွန်တော်မျိုးအပေါ်၌)သနားကြင်နာတော်မူပါ။ စင်စစ်သော်ကား အရှင်မြတ်သည်

သနားကြင်နာသူအပေါင်းတို့တွင် အကောင်းဆုံး သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။ (ကုရ်အာန်၊ ၂၃ း ၁၁၈)

## အကျိုးအာနိသင်

တမန်တော်မြတ် ﷺ သည် ယင်းတောင်းဆုတော်ကိုလည်း ရွတ်ဖတ်ရန်နှင့်ပတ်သက်၍ အမိန့်ပေးခြင်းခံခဲ့ရ၏။

## တောင်းဆုတော် ( ၃၅ )

رَبَّنَا اصْرِفْ عَنَّا عَذَابَ جَهَنَّمَ اِنَّ عَذَابَهَا

كَانَ غَرَامًا ○ اِنَّهَا سَآءَتْ مُسْتَقَرًّا وَّ مُقَامًا ○

### အသံထွက်

ရဗ်ဗနတ်(ဆ်ွ)ရိဖ်ွ အန်(န)နာ အဇာဗ ဂျဟန္နမ အင်န်န အဇာဗဟာ ကာန ဂရာမာ၊ အင်န်နဟာ ဇားအသ် မုစ်သကရ်ရောင် ဝမုကာမာ။

### အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူပြန်ဆင်းတော်မူသော အရှင်၊ အရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံ၏ ပြစ်ဒဏ်ကို ကျွန်တော်မျိုးတို့

မှ ဝေးအောင် ဖယ်ရှားပေးတော်မူပါ။ ကေန်မလွဲ ယင်းဂျဟန္နမ်ငရဲဘုံ၏ ပြစ်ဒဏ်သည်ကား ပျက်စီးမှုပင်၊ ပြင်းထန်လှသောဒုက္ခပင်၊ အဆက်မပြတ် သက်ရောက်အံ့သော ပြစ်ဒဏ်ပင်ဖြစ်ပါသည်။

*(ကုရ်အာန်၊ ၂၅ း ၆၅)*

## အကျိုးအာနိသင်

အလ္လာဟ်အရှင်မြတ်သည် မိမိ၏အထူးကျေးကျွန်တို့၏ ဝိသေသလက္ခဏာများအား ဖော်ပြ၍ မိန့်ဆိုထားသည်မှာ . . .

ထိုသူ (မွန်၊ သူမြတ်)တို့သည်ယင်းကဲ့သို တောင်းဆုအား တောင်းခံကြပေ၏။

## တောင်းဆုတော် ( ၃၆ )

رَبَّنَاهَبْ لَنَامِنْ اَزْوَاجِنَاوَذُرِّيّٰتِنَاقُرَّةَ

اَعْيُنٍ وَّاجْعَلْنَالِلْمُتَّقِيْنَ اِمَامًا ○

*အသံထွက်*

ရဗ်ဗနား ဟဗ်လနာ မင်န် အဇ်ဝါဂျိနာ ဝဇုရ်ရီး ယာသိနာ ကုရ်ရသ အအ်ယုနင်န် ဝါဂျ်အလ်နာ လိလ် မုသ်သကီးန အိမာမာ။

အခ်ိပွာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်မြတ်၊ အကျွန်ုပ်တို့အား မိမိတို့၏ ဇနီးနှင့် သား၊ သမီးတို့၏ထံမှ မျက်စိအေးမြကြည်လင်မှုကို ပေးသနားတော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မုသ်သကီသူတော်စင်များ၏ ရှေ့ဆောင်ရှေ့ရပ် (ဝါ) စံနမူနာ ပြုလုပ်တော်မူပါ။ *(ကုရ်အာန်၊ ၂၅ း ၇၄)*

## အကျိုးအာနိသင်

ယင်းတောင်းဆုတော်သည်လည်း အထက်ဖော်ပြပါ သူမွန်သူမြတ်တို့တောင်းခံသော တောင်းဆုတော်ပင်ဖြစ်သည် ... ဟုလာရှိပေ၏။ ယင်းကဲ့သို့တောင်းဆုတော် တောင်းခံသူများကို **ဂျန္နသ်**သုခဘုံတွင် **စလာမ်**ဟူသောအဆောင်များအား ဆုလာဘ်တော်အဖြစ် ချီးမြှင့်တော်မူမည့်အကြောင်း ... ယင်းတောင်းဆုတော်၏ အရှေ့အာယသ်တော်တွင်ပါရှိလေ၏။

## တောင်းဆုတော် ( ၃၇ )

رَبِّ هَبْ لِىْ حُكْمًا وَّ اَلْحِقْنِىْ بِالصّٰلِحِيْنَ ۝

وَ اجْعَلْ لِّىْ لِسَانَ صِدْقٍ فِى الْاٰخِرِيْنَ ۝

وَ اجْعَلْنِىْ مِنْ وَّ رَثَةِ جَنَّةِ النَّعِيْمِ ۝ وَ لَا تُخْزِنِىْ

يَوْمَ يُبْعَثُوْنَ ○ يَوْمَ لَا يَنْفَعُ مَالٌ وَّلَا بَنُوْنَ ○

اِلَّا مَنْ اَتَى اللّٰهَ بِقَلْبٍ سَلِيْمٍ ○

အသံထွက်

ရဗ်ဗိ ဟဗ်လီ' ဟုက်မောင် ဝါအလ်ဟိကၟ်နီ ဗိဆွ်ာလိဟီးန်၊ ဝါဂျအလ်လီ လိစာန ဆွိဒ်ကင်န် ဖွိလ်အာခရီးန်။ ဝါဂျ်အလ်နီ မင်န်ဝရစသိ ဂျန်နသင်န် နအီမ်၊ ဝလာသုခ်ဇိနီ ယောင်မ ယုဗ်အစူးန်၊ ယောင်မ လာယန်(န)ဖွအု မာလွန် ဝလာဗနူးန်။ အိလ်လာ မန်(န) အသလ်လားဟ ဗိကလ်ဗင်န် စလီးမ်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား သူတော်စင်များနှင့်တူ ပေါင်းဖက်ပါဝင်စေတော်မူပါ။ *(ကုရ်အာန်၊ ၂၆ း ၈၃)*

ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် နာမည်ကောင်းခြင်းကို ပြုလုပ်၍ပေးတော်မူပါ။ (တစ်နည်း) အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် ကောင်းစွာကျော်ကြားမှုကို (ကောင်းစွာသတိရခြင်းကို)ပြုလုပ်၍ပေး

တော်မူပါ။ (ကုရ်အာန် ၂၆ း ၈၄)

ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအား ကျေးဇူးတော်များနှင့်ပြည့်စုံသော "ဂျန္နသ်"သုခဘုံ၏ အမွေစားအမွေခံ ပြုလုပ်တော်မူပါ။ (ကုရ်အာန်၊ ၂၆ း ၈၅)

ထို့ပြင် အရှင်မြတ်သည် လူသတ္တဝါအပေါင်းတို့ ရှင်ပြန်ထကြရမည့်နေ့တွင် ကျွန်တော်မျိုးအား အရှက်တကွဲဖြစ်စေတော်မမူပါနှင့်။ (ကုရ်အာန်၊ ၂၆ း ၈၇)

ထိုနေ့တွင် ပစ္စည်းဥစ္စာနှင့် သား (သမီး)များသည် အသုံးဝင်မည်မဟုတ်ပါ။ (ကုရ်အာန်၊ ၂၆ း ၈၈)

သို့ရာတွင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ စင်ကြယ်သန့်ရှင်းသော စိတ်နှလုံးနှင့်တကွ ရောက်ရှိခဲ့ပါလျှင် (ထိုအရာသည်သာလျှင် သာလွန်ကောင်းကျိုးပေးနိုင်ပါ၏) ဟု ဆုတောင်း၏။ (ကုရ်အာန်၊ ၂၆ း ၈၉)

## အာကျိုးအာနိသင်

ဤတောင်းဆုတော်သည် တမန်တော် **အီဗရာဟီးမ်** ﷺ တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။

အမှန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤဒုအာ၌ ...

وَاغْفِرْ لِأَبِي إِنَّهُ كَانَ مِنَ الضَّالِّينَ **ဝါဂ်ဖိရ် လိအဗီ အင်န်နဟူ ကာန မိနာဒ်ဒွါးလ်လီးန်** ... ဟုလည်းပါရှိသေး၏။ (ဆိုလိုသည်မှာ – ကျွန်တော်မျိုး၏ဖခင်အား **အီမာန်**၏ရတနာချီးမြှင့်တော်မူပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ)

အဘယ့်ကြောင့်ဆိုသော် ... တမန်တော် **အီဗ်ရာဟီးမ်**

၏ ဖခင်သည်လည်း လမ်းမှားသူများအနက်မှဖြစ်၏။ သို့သော် ယခု အထက်ပါတောင်းဆုတော်တွင် ထိုစာပိုဒ်အား မဖော်ပြထားပေ။ အဘယ့်ကြောင့်ဆိုသော် အခြားကျမ်းကြီးများတွင်လည်း ထိုအာယသ်တော်အား မဖော်ပြထားပေ။

## တောင်းဆုတော် ( ၃၈ )

رَبِّ اَوْزِعْنِىْٓ اَنْ اَشْكُرَ نِعْمَتَكَ الَّتِىْٓ
اَنْعَمْتَ عَلَىَّ وَعَلٰى وَالِدَىَّ وَاَنْ اَعْمَلَ
صَالِحًا تَرْضٰهُ وَاَدْخِلْنِىْ بِرَحْمَتِكَ فِىْ
عِبَادِكَ الصّٰلِحِيْنَ ۝

အသံထွက်

ရဗ်ဗိ အောက်ဇိအ်နီး အန်(န)အရှ်ကုရ နိအ်မသကလ်လသီး အန်(န)အမ်(မ)သ အလိုင်ယ ဝအလာဝါလိဒိုင်ယ ဝအန်(န) အအ်မလ ဆွာလိဟန်(န) သရ်ဒွာဟု ဝအဒ်ခိလ်နီ ဗိရဟ်မသိက ဖွီးအိဗာဒိ ကတ်(ဆွ)ဆွာလိဟီးန်။

အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးတို့အပေါ်၌လည်းကောင်း၊ ပြုတော်မူခဲ့သော ကျေးဇူးတော်နှင့်စပ်လျဉ်း၍ ကျွန်တော်မျိုးအား အမြဲကျေးဇူးသိတတ်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား အရှင်မြတ်နှစ်သက်တော်မူသော ကောင်းမြတ်သည့် အကျင့်သီလများကိုလည်း အမြဲကျင့်မှုဆောက်တည်နိုင်စွမ်း ပေးသနားတော်မူပါ။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိကရုဏာတော်ဖြင့် မိမိ၏သူတော်ကောင်း ကျွန်တို့ဘောင်တွင် ဝင်ရောက်ပါဝင်စေတော်မူပါ။ *(ကုရ်အာန်၊ ၂၇ း ၁၉)*

## အကျိုးအာနိသင်

ဤတောင်းဆုတော်သည် တမန်တော်**စုလိုင်မာန်** عليه السلام သခင်က တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ ယင်းတောင်းဆုတော်၏ စကားလုံးများနှင့် နီးစပ်သည့် အခြားတောင်းဆုတော်တစ်ပုဒ်သည်လည်း တောင်းဆုနံပါတ် (၄၅)တွင် ပါရှိလိမ့်မည်။

## တောင်းဆုတော် ( ၃၉ )

رَبِّ نَجِّنِیْ مِنَ الْقَوْمِ الظّٰلِمِیْنَ ○

*အသံထွက်*

ရဗ်ဗိနဂျ်ဂျိနီ မိနလ်ကောင်မိဇ် ဇွာလိမီးန်။

အဓိပ္ပာယ်

အို ...

(ကုရ်အာန်၊

## အကျိုးအာနိသင်

တမန်တော်မူစာ ﷺ သည် ဖိရ်အောန်၏ဘေးရန်အကြောင့် အီဂျစ်နိုင်ငံမှထွင်ခွာနေသောအချိန်တွင် တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ ယင်းတောင်းဆု၏ ဗရ်ကသ်ဖြင့်အလ္လာဟ် အရှင်မြတ်သည် တမန်တော်မူစာ ﷺ တို့အား ငြိမ်းချမ်းသာယာစွာဖြင့် မိမိတို့ရောက်ရှိလိုရာကို ရောက်စေခဲ့၏။

## တောင်းဆုတော် ( ၄၀ )

رَبِّ اِنِّــى لِمَآ اَنْزَلْتَ اِلَىَّ مِنْ خَيْرٍ فَقِيْرٌ ○

အသံထွက်

ရဗ်ဗိအင်နီ လိမာအန်(န)ဇလ် သအိလိုင်ယ မင်န် ခိုင်ရင်န် ဖွကီးရ်။

အဓိပ္ပာယ်

အို ...

(ကုရ်အာန်၊

## အကျိုးအာနိသင်

ဤတောင်းဆုတော်သည်လည်း တမန်တော် **မူစာ** عليه السلام က အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး တမန်တော်မြတ် **ရှုအိုင်ဗ်** عليه السلام သခင်၏ ဆိတ်များအား ရေတိုက်ကျွေးပြီးသောအခါတွင် တောင်းဆုတော်ပင်ဖြစ်၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်**မူစာ** عليه السلام အတွက် စားသောက်မှု၊ နေထိုင်မှုနှင့် ထိမ်းမြားမှုစသည်များအတွက် အစီအစဉ်များဖြစ်စေခဲ့၏။ ထို့နောက် တစ်ဆက်တည်း **နဗူဝသ်** (နဗီဘွဲ့တော်)ကိုလည်း ချီးမြှင့်တော်မူခဲ့လေသည်။

## တောင်းဆုတော် ( ၄၁ )

رَبِّ انْصُرْنِى عَلَى الْقَوْمِ الْمُفْسِدِيْنَ ○

*အသံထွက်*

ရဗ်ဗင်န် ဆွုရ်နီ အလလ်ကောင်မိလ် မုဖ်စိဒီးန်။

### အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ဖျက်ဆီးမှုကို ကျူးလွန်ပြုလုပ်ကြကုန်သော အမျိုးသားတို့အပေါ်၌ အောင်နိုင်မှုကို ပေးသနားတော်မူပါ။ *(ကုရ်အာန်၊ ၂၉ း ၃၀)*

**အကျိုးအာနိသင်**

တမန်တော်**လူသ်** ﷺ သခင်သည် မိမိလူမျိုးစု၏ ဆိုးသွမ်းမှုမှ လွတ်ကင်းမှုရရှိရန်အတွက်တောင်းခံခဲ့ရာ ချက်ချင်း လက်ခံခြင်းခံခဲ့ရသော တောင်းဆုတော်ပင်ဖြစ်၏။

**တောင်းဆုတော် ( ၄၂ )**

رَبِّ هَبْ لِىْ مِنَ الصّٰلِحِيْنَ ○

*အသံထွက်*

**ရဗ်ဗိ ဟဗ်လီ မိနာဆွ် ဆွာလိဟီးန်။**

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်ကောင်း (သား)တစ်ယောက် ချီးမြှင့်ပေးသနားတော်မူပါ။ *(ကုရ်အာန်၊ ၃၇ း ၁၀၀)*

**အကျိုးအာနိသင်**

တမန်တော်**အီဗရာဟီးမ်** ﷺ သည် သားသမီးရရှိရန်အတွက် တောင်းခံခဲ့သော တောင်းဆုပင်ဖြစ်၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည်လည်း ယင်းတောင်းဆုတော်ကို လက်ခံတော်မူပြီး တမန်

ကော် **အီဗရာဟီးမ်** ﷺ သခင်အား လိမ္မာရေးခြားရှိလှသော သား ထူးသားမြတ် **အိစ်မာအီးလ်** ﷺ ကိုချီးမြှင့်တော်မူခဲ့၏။

**တောင်းဆုတော် ( ၄၃ )**

اَللّٰهُمَّ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ عَالِمَ الْغَيْبِ وَالشَّهَادَةِ اَنْتَ تَحْكُمُ بَيْنَ عِبَادِكَ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ○

*အသံထွက်*

အလ္လာဟ်ဟွမ်(မ)မ ဖွာသိုရတ်(စ) စမာဝါသိ ဝါလ်အရ်ဒိ အာလိမလ်ဂိုင်ဗိ ဝါရှ်ရှဟာဒသိ အန်(န)သ သဟ်ကုမု ဗိုင်န အိဗာဒိက ဖွီးမာ ကာနူဖွီဟိ ယခ် သလိဖူးန်။

**အဓိပ္ပာယ်**

အို ... မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကို လည်းကောင်း၊ ဖန်ဆင်းတော်မူသော၊ အကွယ်၌ရှိသည်တို့ကိုလည်း ကောင်း၊ ထင်ရှားသည်တို့ကိုလည်းကောင်း သိတော်မူသော အလ္လာဟ်

အရှင်မြတ်၊ အရှင်မြတ်သည်ပင် မိမိတို့၏အကြားဝယ် ယင်းတို့အချင်းချင်း သဘောကွဲလွဲလျက်ရှိခဲ့ကြကုန်သော အရေးကိစ္စတို့နှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်ပါသည်။ (ကုရ်အာန်၊ ၃၉ း ၄၆)

## အာကျိုးအာနိသင်

ဤတောင်းဆုတော်ကိုတောင်းခံရန်အတွက် တမန်တော်မြတ် ﷺ ထံ အမိန့်ကျရောက်ခဲ့၏။

## တောင်းဆုတော် ( ၄၄ )

رَبَّنَا وَسِعْتَ كُلَّ شَىْءٍ رَّحْمَةً وَّعِلْمًا
فَاغْفِرْ لِلَّذِيْنَ تَابُوْا وَاتَّبَعُوْا سَبِيْلَكَ
وَقِهِمْ عَذَابَ الْجَحِيْمِ ۝ رَبَّنَا وَاَدْخِلْهُمْ
جَنّٰتِ عَدْنِ ِۨالَّتِىْ وَعَدْتَّهُمْ وَمَنْ صَلَحَ
مِنْ اٰبَآئِهِمْ وَاَزْوَاجِهِمْ وَذُرِّيّٰتِهِمْ اِنَّكَ

اَنْتَ الْعَزِيْزُ الْحَكِيْمُ ۝ وَقِهِمُ السَّيِّاٰتِ
وَمَنْ تَقِ السَّيِّاٰتِ يَوْمَئِذٍ فَقَدْ رَحِمْتَهٗ ؕ
وَذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ۝

အသံထွက်

ရဗ်ဗနား ဝစိအ်သ ကုလ်လ ရှိုင်အိရ် ရဟ်မ သောင် ဝအိလ်မန်(န) ဖွာဂ်ဖွိရ် လိလ်လဇိန သာဗူ ဝါသ်သဗအူ စဗီလက ဝကိဟင်မ် အဇာဗလ် ဂျဟီးမ်၊ ရဗ်ဗနား ဝအဒ်ခိလ်ဟွမ်(မ) ဂျန်နာသိ အဒ်နိ နိလ်လသိ ဝအဒ်သဟွမ်(မ) ဝမန်(န)ဆွလဟ မင်နိ အာဗားဆိဟင်မ် ဝအဇ်ဝါဂျိဟင်မ် ဝဇုရ်ရိုးယားသိဟင်မ် အင်နနက အန်(န) သလ် အဇီဇုလ်ဟကီးမ်၊ ဝကိဟိမုစ်စိုင်ယိအားသိ ဝမန်(န) သကိစ်စိုင်ယိအာသိ ယောင်မအိဇင်နိ ဖွကဒ် ရဟင်မ်သဟူ ဝဇာလိက ဟုဝါလ်ဖောင်ဇုလ် အဇွီးမ်။

အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကရုဏာတော်အားဖြင့်လည်းကောင်း၊ ဝန်းခြုံလျက်ရှိတော်မူပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည်

အကြင်သူတို့အား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ထိုသူတို့သည် ဝန်ချတောင်းပန်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အရှင်မြတ်၏လမ်းကိုလည်း လိုက်ကြကုန်၏။ ထိုမှတစ်ပါး အရှင်မြတ်သည် ၎င်းတို့အား ''ဂျဟန္နမ်''ငရဲဘုံ၏ ပြစ်ဒဏ်မှလည်း ကင်းလွတ်စေတော်မူပါ။

(ကုရ်အာန်၊ ၄၀ း ၇)

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ မြတ်၊ ၎င်းပြင် အရှင်မြတ်သည် ထိုသူတို့အား ကတိပြုတော်မူခဲ့သည့် အမြဲထာဝရနေထိုင်ရအံ့သော ဥယျာဉ်များသို့လည်း ဝင်ရောက်စေတော်မူပါ။ ထို့ပြင် ထိုသူတို့၏ ဖခင်တို့အနက်မှ လည်းကောင်း၊ ထိုသူတို့၏ ဇနီးကြင်ယာတို့အနက်မှလည်းကောင်း၊ ထိုသူတို့၏ သား၊ မြေး၊ မြစ်တို့ အနက်မှလည်းကောင်း၊ (ဂျန္နသ်)နှင့် သင့်လျော်ကြကုန်သောသူတို့အား လည်း (ယင်းအမြဲတမ်းသုခဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပါ) ဧကန်မလွဲ အရှင်မြတ်သည်ပင် လွန်စွာနိုင်နင်း လွှမ်းမိုးတော်မူသော အရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်ပါ၏။

(ကုရ်အာန်၊ ၄၀ း ၈)

ထိုမှတစ်ပါး အရှင်မြတ်သည် ၎င်းတို့အား ဘေးဒုက္ခတို့မှ လည်း လွတ်ကင်းစေတော်မူပါ။ စင်စစ်သော်ကား အရှင်မြတ်သည် ထိုနေ့တွင် အကြင်သူအား ဘေးဒုက္ခတို့မှ ကင်းလွတ်စေတော်မူခဲ့ပါလျှင် အရှင်မြတ်သည် အမှန်စင်စစ် ထိုသူအား သနားကရုဏာပြုတော်မူခဲ့ သည်သာ၊ စင်စစ်သော်ကား ဤသည်သာလျှင် ကြီးကျယ်မြင့်မြတ်လှ စွာသော အောင်မြင်မှုပင်တည်း။ (ကုရ်အာန်၊ ၄၀ း ၉)

## အကျိုးအာနိသင်

ဤတောင်းဆုတော်သည် **အရှင်ရှိုပလ္လင်တော်**အား ထမ်းထားသော အထူးကောင်းကင်တမန်တို့က တောင်းခံသော တောင်းဆုတော်ပင်ဖြစ်၏။ ထို့နောက် **အရှင်ရှိုပလ္လင်တော်**၏အနီးအနားတွင် ရှိကြကုန်သော ကောင်းကင်တမန်တို့၏ တောင်းဆုလည်းဖြစ်၏။ ထိုကောင်းကင်တမန်တို့သည်ပင် **မုအ်မင်န်**များအားလုံးအတွက် ယင်းကဲ့သို့ တောင်းဆုတော်အား တောင်းခံကြလေ၏။ အလ္လာဟ်အရှင်မြတ်သည် ထိုကောင်းကင်တမန်တို့၏အဆင့်အတန်းအား မြင့်မားတော်မူပါစေ။

### တောင်းဆုတော် ( ၄၅ )

رَبِّ اَوْزِعْنِىْٓ اَنْ اَشْكُرَ نِعْمَتَكَ الَّتِىْٓ

اَنْعَمْتَ عَلَىَّ وَعَلٰى وَالِدَىَّ وَاَنْ اَعْمَلَ

صَالِحًا تَرْضٰهُ وَاَصْلِحْ لِىْ فِىْ ذُرِّيَّتِىْ ۚ

اِنِّىْ تُبْتُ اِلَيْكَ وَاِنِّىْ مِنَ الْمُسْلِمِيْنَ ۝

အသံထွက်

ရဗ်ဗိ အောက်ဇိအ်နီး အန်(န) အရှ်ကုရ နိအ်မသ

ကလ်လသီး အန်(န)အမ်(မ)သ အလိုင်ယ ဝအလာ ဝါလိဒိုင်ယ ဝအန်(န) အအ်မလ ဆွာလိဟာန်(န) သရ်ဒ္ဒာ ဟု ဝအဆွ်လိဟ် လိ ဖွိဇုရ်ရိုးယသိ၊ အင်န်နီ သုဗ်သု အိလိုင်က ဝအင်န်နိ မိနလ် မုစ်လိမီးန်။

**အခ်ိပ္ပာယ်**

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအပေါ်၌လည်းကောင်း မိမိပြုတော်မူခဲ့သောကျေးဇူးတော်နှင့်စပ်လျဉ်း၍ ကျွန်တော်မျိုးအား အမြဲတစေ ကျေးဇူးသိတတ်စေတော်မူပါ။ ထို့ပြင် မိမိနှစ်သက်တော်မူသော ကောင်းမှုများကို ကျွန်တော်မျိုးအား အမြဲကျင့်မူနိုင်စွမ်းပေးသနားတော်မူပါ။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏ သား၊ မြေးတို့၌လည်း အကျိုးဖြစ်စေတော်မူပါ (အရည်အချင်းဖန်တီးပေးတော်မူပါ) ကေန်အမှန် ကျွန်တော်မျိုးသည် အရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်ပါ၏။ ထို့ပြင် ကေန်မလွဲ ကျွန်တော်မျိုးသည် အလ္လာဟ်အမိန့်တော်ကို လိုက်နာသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါ၏။ *(ကုရ်အာန်၊ ၄၆ း ၁၅)*

## အကျိုးအာနိသင်

သူမွန်သူမြတ်တို့အား တိုက်တွန်းထားသည်မှာ ...

မိမိတို့သည် အရွယ်ရောက်ပြီးသောအခါတွင် မိမိတို့အတွက်နှင့် မိမိတို့၏ မိဘများအတွက် ယင်းကဲ့သို့ တောင်းဆုတော်အား တောင်းခံကြလေကုန်။

## တောင်းဆုတော် ( ၄၆ )

## رَبِّ اِنِّى مَغْلُوْبٌ فَانْتَصِرْ ○

*အသံထွက်*

**ရဗ်ဗိ အင်နီ မင်္ဂလူဗွန်(န) ဖွာန် သဆွိ်ရ်။**

## အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးတို့အား မွေးမြူပြန်ဆင်းတော်မူသော အရှင်မြတ်၊ ဧကန်စင်စစ် ကျွန်တော်မျိုးသည် အရေးမလှသူ (ဖိနှိပ်ခြင်း ခံရသူ)ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် လက်စားချေတော် မူပါ။ *(ကုရ်အာန်၊ ၅၄ း ၁၀)*

## အကျိုးအာနိသင်

တမန်တော်**နူဟ်** ﷺ သည် မိမိ၏လူမျိုးစုများက မိမိအား အမျိုးမျိုးနှိပ်စက်ညှင်းပမ်းမှုများပြုသောအခါတွင် တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည်လည်း ယင်း တောင်းဆု၏ **ဗရ်ကာသ်တော်**ဖြင့် ထိုသူများအပေါ် အောင်နိုင်မှုချီးမြှင့် တော်မူခဲ့၏။ ထို့ကြောင့် ထိုနှိပ်စက်ညှင်းပမ်းသူများအားလုံးသည်လည်း ပျက်စီးဆုံးရှုံးခဲ့ရ၏။

အမှန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်တွင် فَدَعَا رَبَّهُ اَنِّى **ဖဒအာ ရဗ်ဗဟူး အန်(န)နီ** ... ဟုပါရှိ၏။ သို့သော် ယခု ဤ တောင်းဆုတော်တွင် رَبِّ اِنِّى **ရဗ်ဗိ အင်နီ** ... ဟု ရေးသား ဖော်ပြထားခြင်းဖြစ်၏။

## တောင်းဆုတော် ( ၄၇ )

رَبَّنَا اغْفِرْ لَنَا وَلِإِخْوَانِنَا الَّذِيْنَ سَبَقُوْنَا
بِالْإِيْمَانِ وَلَا تَجْعَلْ فِىْ قُلُوْبِنَا غِلًّا لِّلَّذِيْنَ
اٰمَنُوْا رَبَّنَا إِنَّكَ رَءُوْفٌ رَّحِيْمٌ ۝

အသံထွက်

ရဗ်ဗနာဂ် ဖ္ဖိရ်လနာ ဝလိအိခ်ဝါ နိနလ်လဇီန စဗကူးနာ ဗိလ်အီမာန်၊ ဝလာသဂျ်အလ် ဖ္ဖီးကုလူဗိနာ ဂိလ်လလ် လိလ်လဇီန အာမနူ ရဗ်ဗနား အင်န်နက ရအူဖုရ် ရဟီးမ်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်းကောင်း၊ အီမာန် သက်ဝင်ယုံကြည်မှုတွင် ကျွန်တော်မျိုးတို့ထက် ဦးခဲ့ကြသော ကျွန်တော် မျိုးတို့၏ နောင်တော်တို့အားလည်းကောင်း ခွင့်လွှတ်ချမ်းသာ ပေးသနား တော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ စိတ်တွင်း ဝယ် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့နှင့် ပတ်သက်၍ ရန်ငြိုးတစ်စုံတစ်

ရာကိုမျှပင် ဖြစ်ပေါ်စေတော်မမူပါနှင့်။ မလွဲကေန် အရှင်မြတ်သည် လွန်စွာသိမ်မွေ့တော်မူသောအရှင်၊ လွန်စွာကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူ၏။ *(ကုရ်အာန်၊ ၅၉ း ၁၀)*

## အကျိုးအာနိသင်

နောက်ပိုင်း **ဆွဟာဗဟ်တော်**များက တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။ ဆိုလိုသည်မှာ နောက်ပိုင်းကျသောပုဂ္ဂိုလ်များအနေဖြင့် မိမိတို့ထက်ရှေးကျသောပုဂ္ဂိုလ်များအတွက် အထက်ပါ တောင်းဆုတော်အား တောင်းခံခြင်းသည် အကောင်းမြတ်ဆုံးသာဖြစ်၏။

## တောင်းဆုတော် ( ၄၈ )

رَبَّنَا عَلَيْكَ تَوَكَّلْنَا وَاِلَيْكَ اَنَبْنَا وَاِلَيْكَ

الْمَصِيْرُ ۝ رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلَّذِيْنَ

كَفَرُوْا وَاغْفِرْ لَنَا رَبَّنَا اِنَّكَ اَنْتَ الْعَزِيْزُ

الْحَكِيْمُ ۝

*အဓိပ္ပာယ်*

ရဗ်ဗနား အလိုင်က သဝါက်ကလ်နာ ဝအိလိုင်က

**အနဗ်နာ ဝအိလိုင်ကလ် မဆွီရ်။ ရဗ်ဗနား လာသဂ်ျအလ် နာ ဖွိသ်နသလ် လိလ်လဓိန ကဖွရူ ဝါဂ်ဖွိရ်လနာ ရဗ်ဗနား အင်န်နက အန်(န)သလ် အဇီဇုလ် ဟကီးမ်။**

## အဓိပ္ပာယ်

အို … ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ကြပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်ကြပါပြီ။ ထို့မှတစ်ပါး နောက်ဆုံးပြန်လည်ရာစခန်းမှာ အရှင်မြတ်အထံတော်၌ပင်ဖြစ်ပါသည်။ *(ကုရ်အာန်၊ ၆၀ း ၄)*

အို … ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကာဖိရ်သွေဖည်ငြင်းပယ်သူတို့၏ ဗိစီးနှိပ်စက်မှု ခံကြရသောသူများအဖြစ် ပြုလုပ်တော်မမူပါနှင့်၊ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့ (၏ပြစ်မှုဒုစရိုက်များ)အား ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။

အို … ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဧကန်မလွဲ အရှင်မြတ်သည်သာလျှင် အလွန်တရာ ခန့်ညားတော်မူသော အရှင်၊ သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါ၏။ *(ကုရ်အာန်၊ ၆၀ း၅)*

## အကျိုးအာနိသင်

ဤတောင်းဆုတော်ကို တမန်တော် **အိဗ်ရာဟီးမ်** عليه السلام က မိမိ၏ဖခင်နှင့် မိမိ၏လူမျိုးစုတို့က မိမိအား နှိပ်စက်ညှင်းပမ်းသောအခါတွင် တောင်းခံခဲ့သော တောင်းဆုတော်ပင်ဖြစ်၏။

## တောင်းဆုတော် ( ၄၉ )

رَبَّنَآ اَتْمِمْ لَنَا نُوْرَنَا وَاغْفِرْ لَنَا اِنَّكَ

عَلٰى كُلِّ شَيْءٍ قَدِيْرٌ ○

အသံထွက်

ရဗ်ဗနား အသ်မင်မ် လနာ နူရနာ ဝါဂ်ဖိရ်လနာ အင်န်နက အလာကုလ်လိ ရှိုင်အင်န် ကဒီရ်။

**အဓိပ္ပာယ်**

အို ... ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ လင်းရောင်ခြည်ကို အဆုံးတိုင်အောင် ထားရှိတော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ ကေန်မလွဲ အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပါ၏။ *(ကုရ်အာန်၊ ၆၆ း ၈)*

**အကျိုးအာနိသင်**

ကိယာမသ်နေ့တွင် တမန်တော်မြတ် ﷺ နှင့် **မုအ်မင်န်**များအားလုံးတို့က ယင်းတောင်းဆုတော်အား တောင်းခံကြလိမ့်မည်။

## တောင်းဆုတော် ( ၅၀ )

رَبِّ اغْفِرْ لِىْ وَلِوَالِدَىَّ وَلِمَنْ دَخَلَ
بَيْتِىَ مُؤْمِنًا وَّلِلْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ط

### အသံထွက်

ရဗ်ဗိဂ် ဖွိရ်လီ ဝလိဝါလိဒိုင်ယ ဝလိမန်(န်) ဒခလ ဗိုင်သိယ မုအ်မိနောင် ဝလိလ် မုအ်မိနီန ဝါလ် မုအ်မိနားသ်။

### အဓိပ္ပာယ်

အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏မိဘနှစ်ပါးတို့အားလည်းကောင်း၊ ကျွန်တော်မျိုး၏အိမ်၌ မုအ်မင်န် သက်ဝင်ယုံကြည်သူအဖြစ်နှင့် ဝင်ရောက်သောသူတို့အားလည်းကောင်း မုအ်မင်န် အမျိုးသားအပေါင်းအားလည်းကောင်း၊ မုအ်မင်န်အမျိုးသမီးအပေါင်းတို့အားလည်းကောင်း (အပြစ်တို့မှ) ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ (ကုရ်အာန်၊ ၇၁ း ၂၈)




- အရဗီမူရင်း
- မြန်မာအသံထွက်
- မြန်မာအဓိပ္ပာယ်နှင့်
- အကျိုးအာနိသင်

"ကောင်စရ်" စာပေနှင့်ကွန်ပျူတာက မူပိုင်ဖြန့်ချိသည်။